

Fortify Rights

အနှစ်ချုပ် အစီရင်ခံစာ

# မြန်မာနိုင်ငံ၊ ကရင်နီ(ကယား) ပြည်နယ်ရှိ

## ဖြစ်ပေါ်ခဲ့ စစ်ရာဇဝတ်မှုများ

မေလ ၂၀၂၁ မှ ဇန်နဝါရီ ၂၀၂၂

investigate
engage
strengthen

feb 2022

Warning
**Graphic Content**

FORTIFY RIGHTS

## မျက်နှာဖုံး

၂၀၂၁၊ ဒီဇင်ဘာ ၂၉ ရက် ကရင်နီပြည်နယ် ဖရူဆိုမြို့နယ်ရှိ မိုဆိုရွာနားတွင် အာဏာသိမ်းစစ်တပ်များမှ သတ်ဖြတ်ခဲ့သော အရပ်သား အလောင်းအိတ်များပေါ် နာရေးလိုက်ပို့သူများမှ ပန်းခွေချနေပုံ

©Mauk Kham Wah

FORTIFY RIGHTS

Fortify Rights သည် အားလုံးအတွက် လူ့အခွင့်အရေးရရှိကြောင်း သေချာအောင် ဆောင်ရွက်သည့် အဖွဲ့ဖြစ်သည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး၊ အဖြေများရှာရန် အခွင့်အာဏာ ရှိသူများနှင့် စေ့စပ်လုပ်ဆောင်ကာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ သက်ရောက်ခံရသော လူထုများနှင့် အရပ်ဖက်လူထုတို့၏လုပ်ငန်းများ အားကောင်းအောင်ဆောင်ရွက်ပေးသည်။ မိမိတို့အနေဖြင့် အထောက်အထားအခြေပြုသုတေသနများ၊ အမှန်တရားကို မဟာဗျူဟာကျကျ ဖွင့်ဟပြောဆိုခြင်း၏ စွမ်းအားနှင့် တစ်သီးပုဂ္ဂလများ၊ လူထုအသိုင်းအဝိုင်းများနှင့် ပြောင်းလဲမှုအတွက် တွန်းအားပေးနေသည့် ရွေ့လျားမှုများနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ခြင်း စသည်တို့၏ လွှမ်းမိုးနိုင်မှုအပေါ် ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် အမေရိကန် ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် မှတ်ပုံတင်ထားသည့် လွတ်လပ်သော၊ အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းဖြစ်ပါသည်။

## Warning

# Graphic Content

ဤ အစီရင်ခံစာတွင် ဖတ်ရှုသူအချို့အတွက် စိတ်အဆင်မပြေမှုများ ဖြစ်ပေါ်စေနိုင်သည့် ဆိုးဝါးသော အနိဌာရုံ ရုပ်ပုံများပါဝင်သည်။

- **လူသေအလောင်းများ**
- **လောင်ကျွမ်းပြာကျနေသော လူအလောင်းများ**
- **ဦးခေါင်းခွံများ**

# မာတိကာ


**မြန်မာနိုင်ငံနှင့် ကရင်နီမြေပုံများ . . . . 6**

**အနှစ်ချုပ် (Summary) . . . . 8**

**နည်းလမ်း (Methodology) . . . . 13**

**I. လူ့အခွင့်အရေးချိုးဖောက်မှုများ . . . . 14**


- လူသတ်မှုနှင့် စစ်ရေးနှင့် မသက်ဆိုင်သည်ကို ပစ်မှတ်ထားတိုက်ခိုက်မှု . . . . 14
- လူသားဒိုင်းကာ အသုံးပြုမှုနှင့် အဓမ္မပေါ်တာဆွဲခြင်း . . . . 21
- အဓမ္မနေရပ်စွန့်စေခြင်း . . . . 23


**II. နိုင်ငံတကာ ဥပဒေမူဘောင် . . . . 27**


**အကြံပြုချက်များ . . . . 32**

- မြန်မာ့အာဏာသိမ်းစစ်အုပ်စုအား အကြံပြုခြင်း . . . . 32
- ကုလသမဂ္ဂလုံခြုံရေးကောင်စီအား အကြံပြုခြင်း . . . . 32
- အရှေ့တောင်အာရှနိုင်ငံများ အသင်း (ASEAN) နှင့် UN အဖွဲ့ဝင်နိုင်ငံများအား အကြံပြုခြင်း 33
- မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုး (NUG) နှင့် ကရင်နီပြည်နယ်ရှိ သက်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့စည်းများအား အကြံပြုခြင်း . . . . 33

# မြန်မာနိုင်ငံနှင့် ကရင်နီမြေပုံများ




Karenni (Kayah) State
Southern Shan State
Pekon
Loilen Lay
Loikaw
Nan Mei Khon
Loikaw
Shadaw
Law Pi Ta
Demoso
Demoso
Shadaw
Moso
Hpruso
Hpruso
Bawlake
Ywarthit
Bawlakhe
Karen (Kayin)
Thailand
Hpasawng
Hpasawng
Mese
Mese
MYANMAR
Areas of internal displacement
Main Roads
Other Roads
Myanmar Army Outposts
Myanmar Army Bases and Operational Command
Board Guard Force and Militia Outposts
Sources:
Karenni Civil Society Network Briefer 10;
MIMU - Kayah State



၂၀၂၁ နိုဝင်ဘာ ၉ ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်ရှိ ခေါင်အိုရွာအနား မြန်မာစစ်တပ်များ ရှိရာအရပ်သို့ ကရင်နီစစ်သားတစ်ဦးမှ သေနတ်ဖြင့် ချိန်ရွယ်စဉ်။ မြန်မာစစ်တပ်သည် အရပ်သားပြည်သူများအပေါ်တိုက်ခိုက်ခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ၏ အဆိုအရ ၂၀၂၁ ဖေဖော်ဝါရီလမှစ၍ ကရင်နီပြည်နယ်နှင့် ရှမ်းပြည်တောင်ပိုင်းရှိ တော်လှန်ရေးအင်အားစုများနှင့် ဖြစ်ပွားခဲ့သော စစ်ပွဲများသည် လူဦးရေ ၁၄၈၀၀၀ ကျော်ကို နေရပ်စွန့်ခွာစေခဲ့သည်။ ©Mauk Kham Wah, November 2021.

# အနှစ်ချုပ် (Summary)


၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းမှုနောက်ပိုင်းတွင် မြန်မာ့အာဏာသိမ်းစစ်အစိုးရသည် တိုင်းရင်းသား ပြည်နယ်များ အပါအဝင် နိုင်ငံတဝန်းရှိ အရပ်သားပြည်သူများအပေါ် လက်နက်ကိုင်တိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ပြီး အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာသော ရာဇဝတ်မှုများကို အရေးယူခြင်းမခံရဘဲ ကျူးလွန်လျက်ရှိပါသည်။ ယခုအစီအရင်ခံစာကို ရေးသားနေချိန် မြန်မာနိုင်ငံအရှေ့ဖက် ကယားပြည်နယ်ဟု လူသိများသည့် ကရင်နီပြည်နယ်ရှိ အရပ်သား ပြည်သူတို့မှာလည်း အာဏာသိမ်းစစ်တပ်၏ ပစ်မှတ်များစွာအနက်မှ တစ်ခုဖြစ်လေသည်။

၂၀၂၁ နိုဝင်ဘာတွင် Fortify Rights သည် မြန်မာစစ်တပ်မှ ကရင်နီပြည်နယ်ရှိ ဒုက္ခသည်များအားပေးအပ်မည့် လူသားချင်းစာနာသည့် အကူအညီများကို ပိတ်ဆို့တားဆီးခဲ့ပုံ၊ ကယ်ဆယ်ရေးလုပ်သားများအား အကြောင်းမဲ့ဖမ်းဆီးခဲ့ပုံ၊ သိုလှောင်ထားရှိသည့် စားနပ်ရိက္ခာများကို ဖျက်စီးခဲ့ပုံ၊ အကူအညီပစ္စည်းများ သိမ်းယူပုံနှင့် အခြားစစ်ရာဇဝတ်မှုမြောက်နိုင်သည့် လုပ်ရပ်များ ကျူးလွန်ခဲ့ပုံတို့ကို အသေးစိတ်ဖော်ပြထားသည့် ၃၁ စာမျက်နှာပါ အနှစ်ချုပ်အစီရင်ခံစာ တစ်စောင်ကို ထုတ်ဝေခဲ့သည်။

ဤအနှစ်ချုပ်အစီအရင်ခံစာသည် မေလ ၂၀၂၁ မှ ဇန်နဝါရီ ၂၀၂၂ အတွင်း မြန်မာစစ်တပ်မှ ကရင်နီပြည်နယ်ရှိ အရပ်သားပြည်သူများအပေါ် ထပ်လောင်းကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို ဖော်ပြထားသည်။ မြန်မာစစ်တပ်သည် အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်း၊ ပြည်နယ်၏ မြောက်များစွာသောလူဦးရေကို အဓမ္မနေရပ်စွန့်ခွာစေခြင်း၊ လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်း၊ (ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ပြည်သူ့အိုးအိမ်အပါအဝင်) စစ်ရေးနှင့် မသက်ဆိုင်သည့် အရာများအား ဖျက်စီးခြင်းနှင့် အခြားသော ဆိုးရွား

သည့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ချိုးဖောက်မှုများကို ပြုလုပ်ခဲ့ပါသည်။ ၂၀၂၁ ဒီဇင်ဘာနှင့် ၂၀၂၂ ဇန်နဝါရီတွင် အာဏာသိမ်း အစိုးရသည် ပြည်နည်ရှိ ပြည်သူများအပေါ် တိုက်ခိုက်မှုများကို ပြင်းပြင်းထန်ထန်ပြုလုပ်ခြင်း၊ အမျိုးသမီး၊ အမျိုးသား၊ ကလေးသူငယ်များကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ အရပ်သားပြည်သူနေထိုင်ရာနေရာများကို ဖုံးကြဲခြင်းနှင့် ပြည်သူကိုပစ်မှတ်ထားကာ လက်နက်ကြီး၊ ရှို့မီးနှင့် လေကြောင်းတိုက်ခိုက်မှုများကို အသုံးပြုတိုက်ခိုက်ခဲ့ကြပါသည်။

ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာ အေဂျင်စီသည် ၂၀၂၂ ဇန်နဝါရီ ၃၁ အထိ ကရင်နီပြည်နယ်တွင် နေရပ်စွန့်ပြည်သူပေါင်း ၈၁၈၀၀ ရှိပြီး အိမ်နီးချင်း ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၅၆၂၀၀ ရှိသည်ဟု မှတ်တမ်းတင်ခဲ့သော်လည်း ကရင်နီအရပ်ဖက်အဖွဲ့အစည်းကွန်ယက်တစ်ခုမှ အာဏာသိမ်းမှုဖြစ်စဉ်မှစ၍ ပြည်နယ်ရှိ ခန့်မှန်းလူဦးရေ ၃၀၀,၀၀၀ ၏ များပြားလှသော ပမာဏဖြစ်သည့် နေရပ်စွန့်ပြည်သူပေါင်း ၁၇၀,၀၀၀ ကျော် ရှိသည်ဟု မှတ်တမ်းတင်ခဲ့သည်။

ဤအနှစ်ချုပ် အစီအရင်ခံစာသည် ၃၁ ယောက်သော မျက်မြင်သက်သေ၊ အသက်ဘေးမှ လွတ်မြောက်လာသူများနှင့် နေရပ်စွန့်ဒုက္ခသည်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူသားချင်း စာနာထောက်ထားရေးနှင့် အရပ်ဖက်အဖွဲ့အစည်းအစည်း လုပ်သားများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည့် အလောင်းများကို ခွဲစိတ်စစ်ဆေးခဲ့သည့် ဆရာဝန်တစ်ဦးနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များ အပါအဝင် ကရင်နီ ပြည်နယ်ရှိအခြားပြည်သူများ၏ ထွက်ဆိုချက်ကို အသုံးပြုတင်ပြထားပါသည်။

အရပ်သားပြည်သူအပေါ် ကျူးလွန်သည့်ပြစ်မှုများသည် ကရင်နီပြည်နယ်ရှိ မြန်မာ့အာဏာသိမ်း စစ်တပ်နှင့် တိုင်းရင်းသားစစ်တပ်များ၊ (အာဏာသိမ်းမှုနောက်ပိုင်း မိမိကိုယ်ကိုကာကွယ်ရန်နှင့် စစ်အုပ်ချုပ်ရေးကို အာခံရန် ဖွဲ့စည်းခဲ့သည့်) ပြည်သူ့ကာကွယ်ရေးတပ် PDFs များကြားရှိ ပဋိပက္ခများနှင့် ဆက်စပ်အခြေအနေများတွင် ဖြစ်ပွားလျက်ရှိပြီး ကရင်နီပြည်နယ်ရှိ ဖြစ်ပွားဆဲ စစ်ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို ဆောင်ကြဉ်းလျက်ရှိပါသည်။

ကရင်နီပြည်နယ်နှင့် ရှမ်းပြည်နယ် နယ်စပ် မိုးဗြဲမြို့တွင် PDF စစ်သည်များနှင့် ဖြစ်ပွားခဲ့သော စစ်ပွဲများအကြား အဖြစ်အပျက်တစ်ခုတွင် မြန်မာစစ်တပ်သည် ၁၈ နှစ်အရွယ်လူငယ်တစ်ဦး၊ ၎င်း၏ ဦးလေးနှင့် အခြား နှစ်ဦးကို လူသားဒိုင်းကာအဖြစ် အသုံးပြုခဲ့သည်။

“သူတို့ သေနတ်တွေကို ကျွန်တော်တို့ ပုခုံးပေါ်တင်တယ်၊ ပြီးရင် ကျွန်တော်တို့နောက်ကနေပြီး PDF တွေကို လှမ်းပစ်တယ်” ဟု လုံခြုံရေးအရ အမည်မဖော်လိုသူတစ်ဦးက Fortify Rights ကို ပြောကြားခဲ့ပါသည်။ “ကျွန်တော်တို့ကို တုတ်ချည်ထားပြီးတော့ မျက်စိတွေကိုလည်း စည်းထားတယ်။ ကျွန်တော်တို့ကို နည်းပေါင်းစုံနှင့် နှိပ်စက်ခဲ့ကြတယ်။ သူတို့က ကိုယ်တွေကို ကန်တယ်၊ ခေါင်းကို သေနတ်ဒင်နဲ့ ထုတယ်၊ စသဖြင့်ပေါ့” ဟု ၎င်းက ဆိုသည်။

၎င်းတို့အနက် လူ ၃ ဦးမှာ နောက်ဆုံးတွင် လွတ်မြောက်နိုင်ခဲ့သည်။ စတုတ္ထမြောက် ဖမ်းချုပ်ခံရသူ၏ နေရာနှင့် အခြေအနေကို Fortify Rights မှ အတည်မပြုနိုင်ခဲ့ပါ။

ပါဝင်ပတ်သက်သော အဖွဲ့အစည်းများ၏ ဝိသေသ၊ ပဋိပက္ခပြင်းထန်မှုနှင့် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းမှု အနေအထားတို့ကြောင့် စစ်ဥပဒေဟူ၍လည်း သိကြသော နိုင်ငံတကာ လူသားချင်းစာနာထောက်ရေးဥပဒေသည် ကရင်နီပြည်နယ် အခြေအနေနှင့် အပ်စပ် သက်ဆိုင်လျက်ရှိပါသည်။ စစ်ဥပဒေကို လက်နက်ကိုင် ပဋိပက္ခအား ထိန်းညှိပေးမည့် အခြေခံစည်း မျဉ်းများကို ပြဋ္ဌာန်းထားသော ဂျနီဗာကွန်ဗင်းရှင်းဖြင့် အဓိက သတ်မှတ်သည်။ ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် မြန်မာစစ်တပ်၏ လူသတ်မှု၊ အဓမ္မ နေရပ်စွန့်စေမှုနှင့် အခြားသော ပြည်သူ့ အပေါ်တိုက်ခိုက်မှုများသည် နိုင်ငံတကာ လူသားချင်း စာနာထောက်ရေးနှင့် လူ့အခွင့်အရေး ဥပဒေများ ကို ပြင်းထန်စွာ ချိုးဖောက်ထားသည့် သက်သေများဖြစ်ပြီး စစ်ရာဇဝတ်မှုအထိ မြောက်နိုင်သည်။

ဤအနှစ်ချုပ်အစီရင်ခံစာပါ မှတ်တမ်းများနှင့် ဆက်စပ်သော အခြားသော နိုင်ငံတကာလူသားချင်း စာနာထောက်ထားရေးဥပဒေကို ပြင်းပြင်းထန်ထန် ချိုးဖောက်ထားမှုများမှာ အောက်ပါတို့ပါဝင် ပါသည်။

- အရပ်သားပြည်သူလူထုအပေါ် ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ရန် ညွှန်ကြားခြင်း (သို့) စစ်ရေး နှင့် တိုက်ရိုက်မပတ်သက်သူများကို တစ်ဦးချင်းအလိုက် တိုက်ခိုက်ခြင်း
- ဘာသာရေးနှင့် ပတ်သက်သည့် အဆောက်အဦးများကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ရန် ညွှန်ကြားခြင်း
- တိုက်ခိုက်ခံနေရချိန်အတွင်း မြို့ (သို့) နေရာကို လုယက်ဖျက်စီးခြင်း
- အရပ်သားလုံခြုံရေးနှင့် ပတ်သက်မှု မရှိဘဲ (သို့) အရေးကြီးသော စစ်ရေးအကြောင်းပြချက် များ မရှိဘဲ အရပ်သားပြည်သူလူထုအား နေရပ်စွန့်စေရန် အမိန့်ပေးခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ၎င်း၏ စစ်တပ်များက "အကြမ်းဖက်များ"ကို တိုက်ခိုက်နေခြင်းဟု ဆိုသည်။ အမှန်မှာ ၎င်း၏ စစ်တပ်များက ပြည်သူလူထုအပေါ် အဆိုပါလုပ်ရပ်များနှင့် အခြားသော ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများစွာကို အရေးယူခြင်းမခံရဘဲ လုပ်ဆောင်နေခြင်းဖြစ်သည်။

အာဏာသိမ်းပြီးချိန်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံနှင့် ပတ်သက်၍ "သတင်းထုတ်ပြန်ချက်" ၅ ရပ်နှင့် နိုင်ငံတွင်းအခြေအနေနှင့်ပတ်သက်၍ (ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေး ကောင်စီ) ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် "Presidential Statement" တစ်ရပ်ကို - ၂၀၂၁ မတ်လ ၁၀ ရက်နေ့ တွင် - စိုးရိမ်ကြောင်း ထပ်တလဲလဲဖော်ပြလျက် ထုတ်ပြန်ခဲ့ပါသည်။ သို့သော် အဆိုပါ အဖွဲ့အနေဖြင့် အရေးယူဆောင်ရွက်ရန် ပျက်ကွက်နေဆဲဖြစ်သည်။

လုံခြုံရေးကောင်စီ၏ အဓိကတာဝန်မှာ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂကြေညာစာတမ်း အခန်း ၇ အရ လုံခြုံရေးကောင်စီတွင် "ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာမှု၊ ငြိမ်းချမ်းရေး ပျက်ပြားစေမှုနှင့် ရန်လိုသည့်လုပ်ရပ်" များကို တုံ့ပြန်သည့်အနေဖြင့် အရေးယူဆောင်ရွက်နိုင်သည့် အာဏာရှိသည်။ ကောင်စီသည် စစ်အာဏာသိမ်းမှုများ၊ လူသားချင်း စာနာထောက်ထားသည့် အရေးပေါ်အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်ဒုက္ခသည် အကျပ်အတည်း များကို နိုင်ငံတကာငြိမ်းချမ်းရေးအား တရားဝင်ခြိမ်းခြောက်မှုများအဖြစ် အသိအမှတ်ပြုပြီးဖြစ်သည်။

"ငြိမ်ချမ်းရေးကို ခြိမ်းခြောက်မှု"ဟူသော သဘောတရားတွင် အရပ်သားပြည်သူလူထုကို ပြင်းထန်စွာ ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် အစုလိုက်အပြုံလိုက်ရက်စက် ယုတ်မာမှုများကို ကျူးလွန်သူတို့အား တာဝန်ခံစေရန်ပျက်ကွက်ခြင်းတို့လည်း ပါဝင်ပါသည်။

မြန်မာစစ်တပ်သည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာမူဆလင်များအပေါ် အရေးယူခြင်းမခံရဘဲ ကျူးလွန်ခဲ့သည့် လူမျိုးတုန်းသတ်ဖြတ်မှုအပြင် အတိတ်ကာလများ၌ ချင်း၊ ကချင်၊ ကရင်၊ ရှမ်း၊ မွန်နှင့် ရခိုင် (အာရကန်) ပြည်နယ်များရှိ ပြည်သူလူထုအပါအဝင် တခြားတိုင်းရင်းသားလူမျိုးများအပေါ်တွင်လည်း လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများကို အရေးယူခြင်းမခံရဘဲ ကျူးလွန်ခဲ့ခြင်းအားဖြင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို နှစ်ရှည်လများစွာ ခြိမ်းခြောက်လျက်ရှိပါသည်။

ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာအာဏာသိမ်းစစ်အုပ်စုအား လက်နက်နှင့် နှစ်လမ်းသွား နည်းပညာ (Dual Use Technology) ရောင်းချမှုကိုတားမြစ်ရန် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်အား ချမှတ်သည့် ဖြေရှင်းချက်တစ်ရပ်ကို ပြဋ္ဌာန်းသင့်ပေသည်။ ထို့အပြင် ၎င်းအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးပြီး မြန်မာစစ်တပ်မှ ငွေကြေးရရှိနေခြင်း အထူးသဖြင့် တစ်ခုတည်းနှင့် အကြီးမားဆုံးသော ဝင်ငွေအရင်းအမြစ်ဖြစ်သည့် သဘာဝဓာတ်ငွေ့ရောင်းချခြင်းမှ ဝင်ငွေရရှိနေမှုကို တားမြစ်ရန် ထပ်လောင်းအရေးယူပိတ်ဆို့မှုများကို ချမှတ်သင့်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် မြန်မာ ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)မှ နိုင်ငံများအနေဖြင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို စောင့်မနေသင့်ပေ။ အစိုးရအားလုံးသည် အာဏာသိမ်း စစ်အုပ်စုအား မည်သည့်နည်းနှင့်မဆို တရားဝင်စေခြင်းကို ရှောင်ရှားပြီး အထူးသဖြင့် မြန်မာစစ်တပ်နှင့် ၎င်း၏အပေါင်းအပါတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ ထောက်ပံ့ကူညီရာ ရောက်သည့် စီးပွားရေး အကျိုးစီးပွားများကို ရှောင်ရှားသင့်ပေသည်။ လုပ်ငန်းအားလုံးမှာလည်း မြန်မာစစ်တပ်နှင့် ချိတ်ဆက်ပူးပေါင်းခြင်း (သို့) မိတ်ဖက်အဖြစ်တွဲလုပ်ခြင်းများကို ရှောင်ကြဉ်သင့်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အားလုံးသည် အာဏာသိမ်းစစ်အုပ်စုအား လက်နက်ရောင်းချမှုကို တားမြစ်သင့်သည်။

ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းမှု တစ်နှစ်ပြည့်တွင် ထုတ်ပြန်သော ပူးတွဲထုတ်ပြန်ချက် တစ်ခုတွင် ဥရောပသမဂ္ဂနှင့် ကနေဒါ၊ နော်ဝေး၊ UK နှင့် အမေရိကန်ပြည်ထောင်စု အပါအဝင် UN အဖွဲ့ဝင်နိုင်ငံ ၉ ခု၏ နိုင်ငံခြားရေး ဝန်ကြီးများက မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်သူများကို ၎င်းတို့၏ ရာဇဝတ်မှုများအတွက် တာဝန်ခံစေရန်နှင့် နိုင်ငံများအနေဖြင့်လည်း "လက်နက်၊ ပစ္စည်းကိရိယာ၊ နှစ်လမ်းသွား ကိရိယာတန်ဆာပလာနှင့် နည်းပညာအကူအညီ" များကို အာဏာသိမ်းစစ်အုပ်စုအား ရောင်းချမှုကို ရပ်တန့်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းအား တိုက်တွန်းခဲ့ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ မြန်မာစစ်တပ်အား အဓိက လက်နက်ပေးသွင်းတင်ပို့သည့် နိုင်ငံများမဟုတ်ပေ။ သို့ရာတွင် အာဆီယံသည် မြန်မာအာဏာသိမ်းစစ်တပ်၏ ပြည်သူ့အပေါ် တိုက်ခိုက်မှုအပြီးမတည်ငြိမ်သော နောက်ဆက်တွဲကို ကိုင်တွယ်ဖြေရှင်းရန် ကျန်နေသေးသည်။ အာဆီယံအစိုးရများ

အနေဖြင့် မြန်မာစစ်တပ်အား မည်သည့်လက်နက် (သို့) နှစ်လမ်းသွားနည်းပညာရောင်းချမှုမျိုးကိုမဆို တားဆီးရန် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်အား ထောက်ခံကြောင်း UN လုံခြုံရေးကောင်စီသို့ လက်ငင်း အချက်ပြဆောင်ရွက်သင့်သည်။

ကရင်နီပြည်နယ်အပါအဝင် မြန်မာနိုင်ငံ၏ အရှေ့ဖက်အခြမ်းသည် ထိုင်းနိုင်ငံနှင့် ခန့်မှန်းခြေမိုင်ပေါင်း ၁၅၀၀ ခန့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ အာဆီယံနှင့် UN အဖွဲ့ဝင်နိုင်ငံများသည် ထိုင်းအစိုးရအား ဒုက္ခသည်များကို ရွေးထုတ်ပြီး အကာအကွယ်ပေးအပ်ရန်နှင့် မြန်မာနိုင်ငံရှိ အကူအညီလိုအပ်နေသော ပြည်သူများများကို နယ်စပ်ဖြတ်ကျော် အကူအညီများ ခွင့်ပြုပေးရန် အားပေးတိုက်တွန်းသင့်သည်။ ၎င်းနည်းတူ အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရများမှာလည်း မြန်မာနိုင်ငံအတွင်း အကူအညီလိုအပ်နေသော ပြည်သူများအတွက် နယ်စပ်ဖြတ်ကျော် အကူအညီများကို ခွင့်ပြုသင့်ပေသည်။ လူသားချင်းစာနာထောက်ထားသည့် အလှူရှင်များနှင့် အလှူရှင်အစိုးရများအနေဖြင့်လည်း နယ်စပ်ဖြတ်ကျော်ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့် ကရင်နီအရပ်ဖက် လူမှုအဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများကို ချက်ချင်းလက်ငင်း အားပေးထောက်ခံသင့်သည်။

နောက်ဆုံးအနေဖြင့် UN နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံရှိ ရွေးကောက်ခံလွှတ်တော်အမတ်များနှင့် တခြားပုဂ္ဂိုလ်များဖြင့် ၂၀၂၁ ဧပြီလတွင်ဖွဲ့စည်းခဲ့ပြီး မြန်မာပြည်သူလူထု၏ ထောက်ခံမှုကို ကျယ်ကျယ်ပြန့်ပြန့် ရရှိထားသည့် ပြည်သူဦးဆောင်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အဖြေရှာ ဖြေရှင်းခြင်းများအပေါ် ချိတ်ဆက် ဆောင်ရွက်၍ အကူအညီပစ္စည်းများထောက်ပံ့ကာ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများကို အဆုံးသတ်၊ ကုသရန် တည်ဆဲအပြည်ပြည်ဆိုင်ရာ တာဝန်ယူမှုယန္တရားများကို အားပေးထောက်ခံသင့်သည်။

# နည်းလမ်း (Methodology)

Fortify Rights ၏ အနှစ်ချုပ်အစီရင်ခံစာသည် ဆက်လက်ဖြစ်ပေါ်ဆဲ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ ဥသုံစုံစမ်းစစ်ဆေးမှုမဟုတ်သေးသည့် ကနဦးမှတ်တမ်းတင်ခြင်းဖြစ်သည်။ ဤအနှစ်ချုပ်အစီရင်ခံစာအတွက် Fortify Rights သည် ၂၀၂၁ မေလနှင့် ၂၀၂၂ ဇန်နဝါရီလအကြား ကရင်နီ ပြည်နယ်ရှိ အမျိုးသမီး ၁၂ ဦး အမျိုးသား ၁၉ ဦးအပါအဝင် မျက်မြင်သက်သေ ၃၁ ဦး၊ အသက်ဘေးမှ လွတ်မြောက်လာသူများနှင့် အခြားသူများကိုလည်း အင်တာဗျူးမေးမြန်းခဲ့ပါသည်။ Fortify Rights အနေနှင့် မြန်မာနိုင်ငံအခြေအနေအား ကောင်းစွာသိရှိနားလည်သည့် ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံတကာအကူအညီပေးရေးလုပ်သားတစ်ဦးကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အင်တာဗျူး ဖြေကြားခဲ့သူများမှာ နေရပ်စွန့်ခွာသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ လူသားချင်းစာနာထောက်ထားရေး လုပ်သားများ၊ NGO နှင့် အရပ်ဖက်အဖွဲ့အစည်း လုပ်သားများ၊ ဆေးဆရာဝန်တစ်ဦးနှင့် ပြည်သူ့ကာကွယ်ရေးတပ် (PDF) အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်တို့ ပါဝင်ပါသည်။ Fortify Rights သည် ကရင်နီပြည်နယ် မြေပြင်တွင် လုပ်ရှားနေသည့် လူသားချင်းစာနာထောက်ထားရေး အေဂျင်စီများ၏ ရုံးတွင်းဖိုင်များနှင့် သက်သေခံ စာရွတ်စာတမ်းများကို ပြန်လည်ဆန်းစစ်ခဲ့ပြီး တိုက်ခိုက်မှုများ၊ လူသတ်မှုများနှင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု အပြီး ဓာတ်ပုံနှင့် ဗီဒီယို သက်သေများကိုလည်း ဆန်းစစ်ခဲ့ပါသည်။

Fortify Rights သည် အင်တာဗျူးအများစုကို ဗမာဘာသာဖြင့် ဆောင်ရွက်ခဲ့သည်။ ဤအစီအရင်ခံစာအတွက် အင်တာဗျူးဖြေဆိုသူ မည်သူတစ်ဦးတစ်ယောက်မှ လျော်ကြေး (အခကြေးငွေ)ယူခဲ့ခြင်းမရှိပါ။ Fortify Rights သည် ဖြေဆိုသူအားလုံးအား အင်တာဗျူးရည်ရွယ်ချက်၊ စိတ်လိုလက်ရဆောင်ရွက်မှုနှင့် မျှဝေခဲ့သည့် သတင်းအချက်အလက်များအား မည်သို့အသုံးပြုမည်ဖြစ်ကြောင်းကို အကြောင်းကြားခဲ့ပါသည်။ အင်တာဗျူးဖြေဆိုခဲ့သူအားလုံးသည် ဝေမျှခဲ့သည့် သတင်းအချက်အလက်များကို အသုံးပြုမည့် အနေအထားအပေါ် သဘောတူကြောင်းပြောကြားခဲ့သည်။ အာဏာသိမ်းအစိုးရ၏ တုံ့ပြန်ရန်လိုနိုင်မှုများကို ရှောင်ရှားရန် Fortify Rights မှ အစီရင်ခံစာ၌ပါရှိသော လွတ်မြောက်သူများ၊ မျက်မြင်သက်သေများနှင့် အခြားသောသူများ၏ နာမည်များကို ထိမ်ချန်ထားပါသည်။ စာမျက်နှာအောက်ခြေပါ ရှင်းလင်းချက်၌ သီခြား အင်တာဗျူးများအဖြစ်မှတ်ယူသည့် လက်မှတ်များသည် အင်တာဗျူးဖြေဆိုခဲ့သူများ၏ လက်မှတ် အစစ်ကို ကိုယ်စားမပြုပေ။

# I. လူ့အခွင့်အရေးချိုးဖောက်မှုများ

## လူသတ်မှုနှင့် စစ်ရေးနှင့် မသက်ဆိုင်သည်ကို ပစ်မှတ်ထားတိုက်ခိုက်မှု

Fortify Rights သည် ၂၀၂၁ မေလနှင့် ၂၀၂၂ ဇန်နဝါရီလကြား ကရင်နီပြည်နယ်တွင် မြန်မာစစ်တပ်မှ အနည်းဆုံး အရပ်သား ၆၁ ယောက်ကို သတ်ဖြတ်ခဲ့သည့် လူသတ်မှုများအား မှတ်တမ်းတင်ခဲ့ပါသည်။

ဥပမာ၊ ၂၀၂၂ ဇန်နဝါရီလ ၁၇ နေ့တွင် မြန်မာ့လေတပ်မှ ဖရူဆိုမြို့နယ်ရှိ ရီးခီးဘူရှာနား လူ ၈၀ ခန့်ခိုလှုံသော ယာယီဒုက္ခသည်စခန်းအားတိုက်ခိုက်ခဲ့ရာ မိန်းကလေးငယ် ၂ ဦးအပါအဝင် အနည်းဆုံးလူ ၃ ဦး သေဆုံးခဲ့သည်။[1]

Site နေရာနှင့် နီးစပ်ရာ စခန်းများရှိ ဒုက္ခသည်များကို ကူညီခဲ့သည့် ကရင်နီလူသားချင်းစာနာထောက်ထားရေး လုပ်သားတစ်ဦးက မြန်မာစစ်တပ်၏ ဟယ်လီကော်ပတာနှင့် ဒရုန်းများသည် တိုက်ခိုက်မှုမတိုင်ခင် ၃ ရက်အလိုခန့်ကတည်းက အဆိုပါနေရာတစ်ဝိုက်တွင် ပျံသန်းနေခဲ့သည်ဟု ဆိုသည်။[2] ဇန်နဝါရီလ ၁၇ ရက်နေ့ မနက် ၁ နာရီခန့်၌ ၎င်းက တိုက်ခိုက်မှုဖြစ်ပွားရာ အနီးတဝိုက်တွင် ဗုံးပေါက်ကွဲသံများကြားခဲ့ရပြီး နာရီအနည်းငယ်ခန့်အကြာတွင် ၎င်းမှာ လူသေအလောင်းများကို ရှာတွေ့ခဲ့သည့် လူအုပ်နှင့်အတူ ရှိနေခဲ့သည်။[3] ၎င်းက Fortify Rights အားအောက်ပါအတိုင်းပြောဆိုခဲ့သည်။

> ကျွန်တော်တို့ မနက် ၄ နာရီလောက် စခန်းကိုလာတဲ့အခါ မြူတွေဆိုင်းပြီးဘာမှ သဲသဲကွဲကွဲ မမြင်ရဘူး။ Camp (စခန်း) မှာလည်း တစ်ယောက်မှ မရှိကြဘူး။ စစချင်း ကျွန်တော်တွေ့လိုက်တာက ဦးအန်ဒရီးယား လို့ခေါ်တဲ့ အသက် ၅၀ အရွယ် လူတစ်ယောက်။ သူက သေနေပြီ။ ပြီးတော့ ခန္ဓာကိုယ် အစိတ်စိတ်အပိုင်းပိုင်းဖြစ်သွားတဲ့ ၁၅ နှစ်အရွယ် မချောစုဆိုတဲ့ ကောင်မလေးတစ်ယောက်။ နောက်ကလေးမလေး တစ်ယောက် ၁၂ နှစ်အရွယ် မခိုင်ဆိုသူပါ။ သူလည်း ကိုယ်ခန္ဓာအစိတ်စိတ်အမွှာမွှာဖြစ်ပြီး သေနေတာ။[4]

Fortify Rights သည် ဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်ခဲ့သော မြေပြင်ပေါ်မှ ချိုင့်ခွက်ကြီးများနှင့် ပျက်စီးခဲ့သည့် ခိုကိုးရာနေရာများနှင့် သေဆုံးသူ ၃ ဦး၏ အလောင်းပါ ဓာတ်ပုံများကို ရယူ စီစစ်ခဲ့ပါသည်။[5] မြန်မာစစ်တပ်သည် နိုင်ငံအတွင်း (အသက်ဝင် active ဖြစ်သော) လေတပ်ကိုပိုင်ဆိုင်သည့် တစ်ခုတည်းသော စစ်တပ်ဖြစ်သည်။[6]

---

1 ၂၀၂၂ ဇန်နဝါရီ ၂၆၊ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights မှ D.C နှင့် အင်တာဗျူး

2 Ibid

3 Ibid

4 Ibid

5 Ibid. ဓာတ်ပုံများကို Fortify Rights မှ မှတ်တမ်းတင်သိမ်းဆည်းထားပါသည်။

6 ၂၀၂၀ တွင် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်သည် ဟေလီကော်ပတာ ဝယ်ယူနိုင်ခဲ့သော ပထမဆုံးသော မြန်မာနိုင်ငံရှိ ပထမဆုံးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်လာခဲ့ကြောင်း သတင်းရင်းမြစ်များအရသိရှိရသည်။ ကြည့်ရန် - ငြိမ်းငြိမ်း၊ "မြန်မာ့ ဝတပ်မတော် ဟေလီကော်ပတာ ပိုင်ဆိုင်ကြောင်း အတည်ပြု" ဖေဖော်ဝါရီ ၂၆၊ ၂၀၂၀ The Irrawaddy, https://www.irrawaddy.com/news/burma/myanmars-wa-army-confirms-helicopter.html.



ကရင်နီပြည်နယ်၊ ဒီမောဆိုမြို့နယ်ရှိ ငွေတောင်ဆည်နားတွင် ကရင်နီ စစ်သားတစ်ဦးမှ ကျဆုံးသွားသော တော်လှန်ရေး ရဲဘော်တစ်ဦး၏ အလောင်းဘေးတွင် နာရေးနှင့် ပတ်သက်သည့် ဘာသာ အယူဓလေ့ အရ ဖယောင်းတိုင် ထွန်းညှိနေပုံ။ ©Mauk Kham Wah, January 2022.

အသက် ၂၆ အရွယ် နောက်ထပ် လူသားချင်းစာနာထောက်ထားရေးလုပ်သား တစ်ဦးဖြစ်သူ "တိုး"မှ မြန်မာစစ်တပ်သည် ဇန်နဝါရီ ၇ ရက်နေ့တွင် ကရင်နီပြည်နယ်၏ မြို့တော် လွိုင်ကော်ရှိ မိုင်းလုံး ရပ်ကွက်အား တိုက်ခိုက်ရာ အနည်းဆုံး ၆ ဦးသေဆုံးပြီး ဒေသခံ ၁၀၀၀ ခန့်အား အဓမ္မနေရပ်စွန့်ခွာစေကြောင်း Fortify Rights အား ပြောကြားခဲ့သည်။[7] သူသည် နေရပ်စွန့်ခွာစဉ် မြန်မာစစ်တပ်မှ ပစ်သတ်ခဲ့သည်ဆိုသော အရပ်သား ၃ ယောက် (အမျိုးသား ၂ ဦး၊ အမျိုးသမီး ၁ ဦး)၏ အလောင်းများကို ကောက်ယူကာ ကရင်နီပြည်နယ်ရှိ ဆေးရုံတစ်ခုသို့ ပို့ဆောင်ခဲ့သည်။[8] ၎င်းက အောက်ပါအတိုင်း ဆိုသည်။

> "၇ ရက်နေ့တိုက်ပွဲက ပြင်းထန်တယ်ဗျ။ ကျွန်တော်တို့က ၇ ရက်နေ့ မနက်စောစော လူတွေကို မိုင်းလုံးက ထွက်ခွာဖို့ပြောတယ်။ အများစုက ထွက်ခွာကြတယ်။ .... ကျွန်တော် ရထားလမ်းဘေးမှာ အလောင်း ၃ လောင်း တွေ့ခဲ့တယ်။ သူတို့အားလုံးက အသက် ၅၀ အထက်ဖြစ်မယ်။ တစ်ယောက်က ရင်ဖက်မှာ ကျည်တစ်ချက်တည်းနဲ့ သေသွားပြီးတော့ ရထားလမ်းနား သူ့ဆိုင်ကယ်ဘေးမှာ လဲနေတာ။ ဒုတိယ တစ်ယောက်က အိမ်တစ်အိမ်ရှေ့မှာ လဲနေတာ။ ကြည့်ရတာ သူမက ခြံပြင်ထွက် လမ်းလျှောက်ရင်းက အပစ်ခံရတာထင်တယ်။ တတိယ တစ်ယောက်ကလည်း ရထားလမ်းဘေးမှာ လဲနေတာပဲ။ သူ့ဦးနှောက်က ပွင့်ထွက်ပြီး နေရာအနှံ့ ပြန့်ကြဲနေတာ။ စစ်သားတွေက အဖြူအမဲ မခွဲခြားပဲ လူတိုင်းကို လျှောက်ပစ်ခဲ့ပုံပဲ"[9]

လွိုင်ကော်မြို့နောက်ထပ် အဖြစ်အပျက်တစ်ခုတွင် မြန်မာ့အာဏာသိမ်းစစ်တပ်များသည် ဇန်နဝါရီ

7 ၂၀၂၂ ဇန်နဝါရီ ၁၈၊ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights မှ C.J နှင့် အင်တာဗျူး

8 Ibid

9 Ibid

၇ ရက် မနက်စောစောတွင် အရပ်သားအိမ်တစ်အိမ်အား လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကာ ကလေးတစ်ယောက်အပါ အဝင်မိသားစုဝင် ၃ ယောက်ကို သေဆုံးစေခဲ့ပြီး အခြားတစ်ယောက်ကို ဒဏ်ရာရစေခဲ့သည်။ "တိုး"သည် ဤတိုက်ခိုက်မှုမှ သေဆုံးသူ၏ အလောင်းများကိုသယ်ယူရာ၌လည်း ကူညီခဲ့ပြီး Fortify Rights ကိုပြောသည်မှာ

"အိမ်မှာ လက်နက်ကြီးကျတာကြောင့် မိသားစုတစ်စု ထိခိုက်ခဲ့တယ်။ [အဖိုး]၊ အဖေနဲ့ သူ့ရဲ့ ၁၂ နှစ်အရွယ်ကလေးက ပွဲချင်းပြီးဆုံးတယ်။ အမေက စိုးရိမ်ရတဲ့အခြေအနေမှာ ရှိနေတယ်။ ဒါက သူမရဲ့ခြေထောက်ကို ဖြတ်တောက်ပစ်ရမယ့် အခြေအနေပါ။ ကျွန်တော်တို့ သူမကို လုံခြုံတဲ့ နေရာ တစ်ခုကို ပို့ထားပါတယ်"။[10]

Fortify Rights မှ စုဆောင်းထားသည့် သက်သေခံထွက်ဆိုချက်များနှင့် သက်သေအထောက်ထားများအရ ဒီဇင်ဘာ ၂၄၊ ၂၀၂၁ တွင် မြန်မာ့အာဏာသိမ်း စစ်တပ်များသည် ကရင်နီပြည်နယ် ဖရူဆိုမြို့နယ်ရှိ မိုဆိုရွာအနီးတွင် ကလေးတစ်ယောက်နှင့် Save the Children မှ လူသားချင်းစာနာထောက်ထားရေး လုပ်ငန်းများကို လုပ်ကိုင်နေသူ ၂ ဦးအပါအဝင် အရပ်သားပြည်သူပေါင်း အနည်းဆုံး ၄၀ ခန့်ကိုလည်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ Fortify Rights သည် ဒီဇင်ဘာ ၂၅၊ ခရစ်မတ်နေ့တွင် သေဆုံးအလောင်းများကိုတွေ့ရှိခဲ့သော ကရင်နီစစ်သား တစ်ဦးနှင့် အဆိုပါအဖြစ်အပျက်မှ ရယူသယ်ဆောင်ခဲ့သည့် ရုပ်အလောင်းများကို ခွဲစိတ်စစ်ဆေးခဲ့သော ဆရာဝန်တစ်ယောက်တို့ဆီမှ ထွက်ဆိုချက်များကိုလည်း စုဆောင်းထားပါသည်။[11] မျက်မြင်သက်သေများနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအပြီး Fortify Rights မှ စီစစ်ခဲ့သည့် ဗီဒီယိုအထောက်အထားများက မြန်မာစစ်တပ်မှ အဆိုပါခံရသူလူများအား သတ်ဖြတ်၊ မီးရှို့ခဲ့ကြောင်း ဖော်ပြလျက်ရှိပါသည်။[12] ကမ္ဘာ့ကုလသမဂ္ဂ၊ မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် မီဒီယာများက ဤအစုလိုက် သတ်ဖြတ်မှုနှင့် ပတ်သက်၍ အခြားအသေးစိတ်အချက်အလက်များကို အစီအရင်ခံပြီးဖြစ်ပါသည်။[13]

10 Ibid

11 ၂၀၂၂ ဇန်နဝါရီ ၁၄၊ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Right နှင့် C.H., တို့ အင်တာဗျူး။ ၂၀၂၂ ဇန်နဝါရီ ၃၁၊ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ်၊ Fortify Rights နှင့် D.E တို့ အင်တာဗျူး

12 Ibid. ဗီဒီယိုအထောက်အထားများကို Fortify Rights မှ သိမ်းဆည်းထားပါသည်။

13 မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ဇန်နဝါရီ ၃၊ ၂၀၂၂၊ ၁၀၁နှစ်မြောက်နှစ်ပတ်လည်နှင့် ပတ်သက်သော အမျိုးသားအောင်ပွဲ စကားဝိုင်း၊ https://www.facebook.com/NUGmyanmar/videos/710520296597349; UNICEF, "UNICEF Condemns Reported Killing of at Least 35 People, Including Four Children and Two Humanitarian Workers in Kayah State, Myanmar," press release, December 28, 2021, https://www.unicef.org/press-releases/unicef-condemns-reported-killing-least-35-people-including-four-children-and-two; "As Details of Christmas Eve Massacre Emerge, Calls for Justice Grow," Myanmar Now, January 24, 2022, https://myanmar-now.org/en/news/as-details-of-christmas-eve-massacre-emerge-calls-for-justice-grow



ကရင်နီပြည်နယ်၊ ဖရူးဆိုမြို့နယ်၊ မိုဆိုရွာအနား KNDF စစ်တပ်များက ရိုက်ကူးခဲ့သည့် ခရစ်စမတ်အကြိုနေ့ အစုလိုက်အပြုံလိုက် လူသတ်မှုမှ မီးလောင်တူးခြစ်နေသော ကိုယ်ခန္ဓာအကြွင်းအကျန်နှင့် မီးလောင်ခံထားရသော ယာဉ်များပါရှိသည့် လက်ကိုင်ဖုန်းဗီဒီယို screenshots များ © Karenni National Defense Force, December 2021.

နဒီ (အမည်ပြောင်း)သည် ကရင်နီပြည်နယ်ရှိ ပြည်သူ့ကာကွယ်ရေးတပ်များနည်းတူ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ လက်နက်ကိုင်အဖွဲ့ဖြင့် ဖွဲ့စည်းထားသော ကရင်နီတိုင်းရင်းသား ကာကွယ်ရေးတပ်မတော် (KNDF)မှ အသက် ၂၆ အရွယ်ရှိ အဖွဲ့ဝင် တစ်ဦးဖြစ်သည်။[14] သူသည် ဒီဇင်ဘာလ ၂၅ ရက်နေ့မနက်၊ မိုဆိုအစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၏ အလောင်းများကိုရှာတွေ့ခဲ့သော ပထမဆုံးအုပ်စုတွင် ပါဝင်ပါသည်။[15] သူ Fortify Rights ကိုပြောသည်မှာ “(အလောင်းတွေကို) ကျွန်တော်မြင်လိုက်ရတဲ့အခါ ကိုယ့်မျက်စိကိုတောင် ကိုယ်မယုံနိုင်ဘူး။ သူတို့ ရက်ရက်စက်စက် အသက်ခံခဲ့ရတာဗျ။ အလောင်းတွေက အရမ်းမြင်မကောင်းအောင် ဖြစ်နေတာ။ တချို့ဆိုရင် ဘယ်သူဘယ်ဝါမှန်းတောင် မသိနိုင်တော့ဘူး။ လက်၊ ခြေ၊ ဘာမှ မရှိတော့တာ”။[16]

သူက ဒီဇင်ဘာ ၂၄ ညနေပိုင်းတွင် အဆိုပါနေရာသို့ မြန်မာစစ်တပ်များ ရောက်ရှိလာခဲ့ပုံနှင့် ပေါက်ကွဲသံနှင့် သေနတ်သံများကြားခဲ့ရပုံကိုလည်း Fortify Rights အား ပြောကြားခဲ့ပါသည်။[17] ခရစ်စမတ်နေ့မနက်တွင် သူနှင့် အခြား KNDF အဖွဲ့ဝင်များက အဆိုပါနေရာသို့ ရောက်လာခဲ့ပြီး မီးလောင်ခံထားရသည့် ယာဉ်များနှင့် အနည်းဆုံးအလောင်း ၁၈ ခု၏ တူးခြစ်နေသော ရုပ်အကြွင်းအကျန်များကို မှတ်တမ်းရိုက်ယူခဲ့ပါသည်။[18] ဤအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအပြီး မှတ်တမ်းရိုက်ကူးထားချက်များကို ရယူ၊ စီစစ်ခဲ့ပါသည်။[19] တချို့အလောင်းများ၏ လက်များကို ချည်ထားခဲ့ဟန်ရှိပြီး တော်တော်များများမှာ မှတ်မရနိုင်လောက်အောင်အထိ မီးရှို့ခံထားရပါသည်။

14 ၂၀၂၂ ဇန်နဝါရီ ၁၄၊ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Right နှင့် C.H., တို့ အင်တာဗျူး။

15 Ibid

16 Ibid

17 Ibid

18 Ibid

19 ၂၀၂၂ ဇန်နဝါရီ ၁၄၊ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Right နှင့် C.H., တို့ အင်တာဗျူး။ မှတ်တမ်းရိုက်ကူးထားချက်များကို Fortify Rights မှ မှတ်တမ်းတင် သိမ်းဆည်းထားပါသည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် ကရင်နီတပ်မတော်နှင့် KNDF စစ်သားများသည် မိုဆိုရှိ ခရစ်စမတ် အကြိုနေ့ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့သည့် နေရာနှင့် ပေ ၅၀၀ အကွာတွင် လူနှစ် ယောက်၏ အလောင်းကို တွေ့ရှိခဲ့သည်ဟုဆိုသည်။ အလောင်းများကို သယ်ယူရာတွင်ကူညီခဲ့သော KNDF စစ်သား တစ်ယောက်မှ Fortify Rights ကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> ကျွန်တော်တို့ အလောင်းတွေကိုတွေ့တဲ့အခါ အလောင်းမျက်နှာတွေက ဆိုးဆိုးရွားရွားပုပ်ပွနေ တာကို တွေ့ရတယ်။ မျက်နှာတွေကပေါ်နေတော့ အဲ့မျက်နှာတစ်ခုလုံး လောက်တွေ တက်နေ တော့တာပဲ။ အဲ့မှာက သေနတ်ဒဏ်ရာ သတ်သတ်မဟုတ်ဘူး။ သေချာစစ်ကြည့်တော ဦးခေါင်းခွံကို တစ်ခုခုနဲ့ ရိုက်ခွဲထားတယ်လို့ ပြောတယ်။ အာဏာသိမ်း စစ်တပ်သား တွေက အရင်သေနတ်နဲ့ပစ်ပြီးမှ ခေါင်းကိုရိုက်ခွဲတာလား၊ ဒါမှမဟုတ် အခြားတစ်နည်းနည်းနဲ့လားဆို တာကတော့ သေချာမသိဘူး။ ဒါပေမယ့် ဦးခေါင်းခွံတွေကတော့ ကွဲနေတယ်”။[20]

Fortify Rights သည် အဆိုပါအလောင်းများ၏ ဓာတ်ပုံများကို ရယူ၊ စီစစ်ခဲ့ပြီး ယင်းတို့မှာ Khu Lee Reh - ၂၇ နှစ်နှင့် Khu Lu Peh - ၂၈ နှစ်တို့ဖြစ်ကြောင်း KNDF စစ်သားများမှ စစ်ဆေးဖော်ထုတ်ခဲ့ကြ သည်။ ၎င်းတို့က “သူတို့ဟာ (ဒီဇင်ဘာ ၂၄ မှာ) လမ်းမှာပိတ်မိခဲ့တဲ့ ခရီးသွားတွေထဲကဖြစ်ပြီတော့ နောက်ဆုံး အာဏာသိမ်းစစ်သားတွေက သတ်လိုက်တယ်ဆိုတာ သေချာတယ်” ဟုဆိုသည်။[21]

အဆိုပါ လူနှစ်ယောက်မှာ ကရင်နီစစ်တပ် ယူနီဖောင်းများဝတ်ဆင်ထားသည်။ KNDF စစ်သာများက မြန်မာ့စစ်တပ်သည် ဒီဇင်ဘာ ၂၄ ရက်နေ့ အစုလိုက်အပြုံလိုက်လူသတ်မှုကို ဖုံးကွယ်ရန်နှင့် အဆိုပါ အဖြစ်အပျက်အား “စစ်ပွဲဖြစ်ရပ်”သဖွယ် မှားယွင်းပုံဖော်ရန် သိသိသာသာကြိုးစားသည့်အနေဖြင့် ၎င်း ဒုက္ခသည် တို့အားသတ်ဖြတ်ကာ ကရင်နီတပ်မတော် ဝတ်စုံဝတ်ဆင်ပေးထားခြင်း ဖြစ်ကြောင်း ဆိုသည်။[22] ၂၀၁၈ ခုဦ မြန်မာစစ်တပ်သည် အရပ်သား နှစ်ဦးအား မသတ်မီတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ၏ ဝတ်စုံအား အတင်းအဓမ္မဝတ်ခိုင်းခဲ့သည်ကို မျက်မြင်သက်သေများမှ မြင်တွေ့ခဲ့ ရသည့် ကချင်ပြည်နယ်မှ အလားတူဖြစ်ရပ်တစ်ခုကို Fortify Rights က မှတ်တမ်းတင်ခဲ့ဖူးပါသည်။[23]

ဇန်နဝါရီ ၃ ရက် အွန်လိုင်းသတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် NUG နှင့် ကရင်နီပြည်အတိုင်အပင်ခံ ကောင်စီ (KSCC) တို့က အလောင်း ၃၁ ခုကို ခွဲစိတ်စစ်ဆေးခဲ့ကြောင်းပြောဆိုခဲ့ပြီး မိုဆို အစုလိုက်အပြုံလိုက် လူသတ်မှု ဖြစ်ရပ်မှ စုဆောင်းခဲ့သည့် ဓာတ်ပုံများ၊ ဆေးမှတ်တမ်းများနှင့် သက်သေအထောက်အထားများကို ဝေမျှခဲ့ကြသည်။[24]

---

20 ၂၀၂၂ ဇန်နဝါရီ ၂၆၊ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Right နှင့် D.D., တို့ အင်တာဗျူး။

21 Ibid

22 Ibid

23 Fortify Rights, “Myanmar: Investigate Whereabouts of Two Kachin Civilians Detained by Military,” သတင်း ထုတ်ပြန်ချက်၊ ၂၀ ဖေဖော်ဝါရီ ၂၀၁၈, https://www.fortifyrights.org/mya-inv-2018-02-20/; Fortify Rights, “Myanmar: Account for Murder of Two Kachin Civilians,” သတင်းထုတ်ပြန်ချက်၊ ၁၉ ဧပြီ ၂၀၁၈, https://www.fortifyrights.org/mya-inv-2018-04-19/.

24 မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ဇန်နဝါရီ ၃၊ ၂၀၂၂၊ ၁၀၁နှစ်မြောက်နှစ်ပတ်လည်နှင့် ပတ်သက်သော အမျိုးသားအောင်ပွဲ စကားဝိုင်း၊ https://www.facebook.com/NUGmyanmar/videos/710520296597349

ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရသည့် နေရာမှ ယူဆောင်ခဲ့သည့် အလောင်းများကို ခွဲစိတ်စစ်ဆေးခဲ့သော ဆရာဝန်တစ်ယောက်က အလောင်းတော်တော်များများမှာ ဆိုးဆိုးဝါးဝါးမီးလောင် ခံထားရသည့်အတွက် ခွဲစိတ်စစ်ဆေးရန် မဖြစ်နိုင်တော့ဟု ဆိုသည်။[25] သို့ရာတွင် သူနှင့် အခြားဆရာဝန်တစ်ဦးက အမျိုးသမီးအလောင်း ၅ လောင်းနှင့် ၁၅ နှစ်အောက် မိန်းကလေးငယ် တစ်ယောက်အပါအဝင် အနည်းဆုံး အလောင်းပေါင်း ၃၁ လောင်းအား ခွဲခြား ဖော်ထုတ်ခဲ့သည်။[26] ၎င်းက အောက်ပါအတိုင်းဆိုသည်။

> တချို့ကသူတို့ပါးစပ်တွေကို အဝတ်စတွေနဲ့ ဆို့ထားခြင်းခံထားရတယ်။ ဒီလူတွေ ပါးစပ်ပိတ်ဆို့ ခံထားရတာတော့ သေချာတယ်ဗျ။ ဦးခေါင်းခွံတိုင်းနီးပါး ကျိုးပဲ့ပြီး ဆိုးဆိုးဝါးဝါး အက်ကွဲနေ တယ်။ ကျွန်တော်တို့ သေနတ်ဒဏ်ရာပါတဲ့ ဦးခေါင်းခွံတချို့ကို တွေ့ခဲ့တယ်ဗျ။ ခေါင်းမှာ ကျည် ထိထားတယ်ဆိုတဲ့ သဘောပေါ့။ ရင်ဘက်တွေမှာ ဓားဒဏ်ရာတွေလည်းတွေ့ခဲ့တယ်။ တချို့ အလောင်းတွေမှာ ကျွန်တော်တို့ လေပြွန်ကို ရှာတွေ့နိုင်ခဲ့ပေမယ့် တခြားအလောင်းတွေမှာ တော့ ဆိုးဆိုးဝါးဝါးမီးလောက်ခံထားရတဲ့အတွက် လေပြွန်ရော၊ ဘာအတွင်းအင်္ဂါတွေမှရော ရှာမတွေ့ခဲ့ဘူး။ (တချို့အလောင်းတွေမှာ) သူတို့ကို အရှင်လတ်လတ်မီးရှို့ ခဲ့တယ်လို့ ပြောနိုင် တဲ့ သက်သေ အလုံအလောက်ကိုတော့ ရရှိခဲ့ပါတယ်။[27]

ဆရာဝန်က သူနှင့် သူ၏လုပ်ဖော်ကိုင်ဖက်များသည် အလောင်းများကို မြေမြှုပ်ခဲ့ပြီး မြန်မာနိုင်ငံ ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (IIMM) (အနာဂါတ်တွင် ရာဇဝတ်သားများအား စွဲချက်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံရှိ နိုင်ငံတကာရာဇဝတ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှု များ၏ သက်သေအထောက်အထားများကို စုဆောင်း၊ ထိန်းသိမ်းရန် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် UN လူ့အခွင့်အရေးကောင်စီမှ ဖွဲ့စည်းခဲ့သည့် အဖွဲ့တစ်ခုဖြစ်သည်) နှင့် တခြားအဖွဲ့အစည်းများအား ဝေမျှရန် တခြား သက်သေအထောက်အထားများကိုလည်း စုဆောင်းခဲ့ကြောင်း ထပ်လောင်းပြော ကြားခဲ့ပါသည်။[28] ၎င်းက အောက်ပါအတိုင်းဆိုသည်။

> သက်သေတွေကို ဖျောက်ဖျက်ဖို့အမြန်ဆုံးနည်းလမ်းက အလောင်းတွေကို မီးရှို့လိုက်ခြင်းပဲ။ ပြာတွေနဲ့ တူးခြစ်လောင်မြိုက်ထားတဲ့ အလောင်းတွေကိုပဲရှာတွေ့တော့ ဓားထိုးခံရတာလား၊ အ ရိုက်ခံရတာလား၊ နှိပ်စက်ခံထားရလား၊ ခေါင်းကိုကျည်ထိထားတာလားဆိုတာ ပြောဖို့ မဖြစ်နိုင် တော့ဘူး။ IIMM ကလည်း ရာဇဝတ်မှုကျူးလွန်ထားသူ အာဏာသိမ်းအုပ်စု၏ ခွင့်ပြုချက် မရဘဲ သက်သေတွေစုဆောင်းဖို့ ဝင်လာမှာမဟုတ်သလို၊ ရလည်းရမှာ မဟုတ်ဘူး။ ကျွန်တော် ဒါ (သက်သေများကို ထိန်းသိမ်းထားခြင်းနှင့် ဝေမျှခြင်း)ကို ပိုမိုကြီးမားတဲ့တာဝန်ယူမှုဆီကို ရှေ့ရှုတဲ့ ခြေလှမ်းငယ်တစ်ရပ်အဖြစ်မြင်တယ်။[29]

25 Ibid

26 Ibid

27 Ibid

28 Ibid

29 Ibid

၂၀၂၁ ဒီဇင်ဘာ ၂၉ ထုတ်ပြန်ချက်တစ်ခုတွင် UN လုံခြုံရေးကောင်စီသည် "ဒီဇင်ဘာ ၂၄ ရက် ကယားပြည်နယ်တွင် ကလေး ၄ ဦးနှင့် Save the Children မှ ဝန်ထမ်း ၂ ဦးအပါအဝင် အနည်းဆုံး လူ ၃၅ ဦးအသက်ခံခဲ့ရသည့်အပေါ် ရှုံ့ချကြောင်း"ထုတ်ပြန်ခဲ့သည်။[30] ကောင်စီက ဤလုပ်ရပ်အတွက် တာဝန်ခံမှုရှိရန် လိုအပ်ကြောင်း အလေးပေး ဖော်ပြထားပါသည်။[31]

Fortify Rights မှ မှတ်တမ်းတင်ခဲ့သည့် အခြားအဖြစ်အပျက်တစ်ခု၌ ၂၀၂၁ စက်တင်ဘာ ၂၉ တွင် ကရင်နီပြည်နယ် ဒီမောဆိုမြို့နယ်ရှိ ဒေါ်ခလိုက်လင်း ရွာမှ ဒေသခံများသည် လူ ၃ ယောက်၏ အလောင်း (ယင်းအနက် ၂ လောင်းမှာ မီးရှို့ခံထားရပြီး၊ ကျန်တစ်လောင်းကို မိလ္လာတွင်းထဲမှတွေ့ရှိခဲ့သည်)ကို တွေ့ရှိခဲ့သည်။[32] ဒေသခံ တစ်ယောက်မှ မိလ္လာတွင်းတွင် တွေ့ရှိခဲ့သည့် အလောင်း၏ အခြေအနေကို Fortify Rights အား အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

> ကျွန်တော်တို့က [အမည်ကိုထိမ်ချန်ထား]ကို လိမ်ခွေလျက်အနေအထားနဲ့တွေ့တယ်။ သူ့လက်တွေကို တုတ်တစ်ချောင်းမှာ ချည်ထားတယ်။ သူ့မျက်လုံးတဖက်က ကလော်ထုတ်ခံထားရပြီးတော့ ကျန်တစ်ဖက်မှာလည်း ထွက်ကျတော့ မလိုလိုပါပဲ။ ပုံစံကြည့်ရတာ သူမသေခင်မှာ လွတ်မြောက်ဖို့ အတော် ကြိုးစားခဲ့ပုံရတယ်။ သူ့လည်းပင်မှာလည်း ရှရာတွေ၊ ပွန်းပဲ့ရာတွေနဲ့။ ကြည့်ရတာ သူတို့ သူ့ကိုလည်လှီးဖို့ ကြိုးစားခဲ့ပုံပဲ။[33]

မြန်မာစစ်တပ်သည် မကြာသေးမီကာလများက ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကိုလည်း တိုက်ခိုက်ခဲ့ပြီး ယင်းအတွင်း ခိုလှုံနေသော အရပ်သားများအား သေဆုံးစေခဲ့သည်။ ဥပမာ ၂၀၂၁ မေလ ၂၄ ရက် မနက် ၁ နာရီခန့်တွင် မြန်မာစစ်တပ်မှ စစ်သားများသည် မြန်မာစစ်တပ်နှင့် PDF တို့ကြား တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများ လာရောက်ခိုလှုံလျက်ရှိသော လွိုင်ကော်မြို့အနီးရှိ ကယန်းသာယာရွာမှ ကက်သလစ်ဘုရားကျောင်းကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပါသည်။[34] ဘုရားကျောင်းအပေါ်တိုက်ခိုက်မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့သော ၅၆ နှစ်အရွယ် ကရင်နီ တိုင်းရင်းသားတစ်ယောက်က စစ်တပ်သည် ထိုတိုက်ခိုက်မှုအတွင်း ကလေးသူငယ်အပါအဝင် အနည်းဆုံး ၄ ယောက်ကို သေဆုံးစေခဲ့ပြီး ၈ ယောက်ကို ဒဏ်ရာရစေခဲ့သည်ဟုဆိုသည်။ ၎င်းက အောက်ပါအတိုင်းဆိုသည်။

> ကျွန်တော်တို့က မယ်တော်မာရိဂူထဲမှာ ခိုလှုံဖို့လုပ်ရင်း ဒီအဖြစ်အပျက်တွေအကုန်လုံး ကျွန်တော့်တို့မျက်စိရှေ့မှာတင် ဖြစ်ပျက်သွားတာကို မြင်လိုက်ရတာဗျ။ မနက် ၁ နာရီလောက်မှာ church ကျောင်းရဲ့ပင်မအဆောင်ကို လက်နက်ကြီးကျတယ်။ ပြီးတော့ စစ်သားတွေဝင်လာပြီး တံခါးဖွင့်ဖို့ပြောတယ်။ အဲ့တုန်းက ကျွန်တော်တို့ ၅ ယောက်ပဲ ပင်မဆောင်ရဲ့ အပြင်မှာရှိနေခဲ့တာ။ ကျွန်တော်တို့ တံခါးဖွင့်လိုက်တဲ့အခါ ကျောင်းထဲမှာ လက်နက်ကြီးထိပြီး အကုန်ကသောင်းကနင်းတွေ ဖြစ်နေကြတာ။ ကျွန်တော်တို့ ဒဏ်ရတဲ့သူတွေအများကြီးတွေ့ရတယ်။ ပတ်ပတ်လည်မှာ တချို့ လူသေအလောင်းတွေ လဲနေတာတွေ့တယ်"။ [35]

---

30 ကုလသမဂ္ဂလုံခြုံရေးကောင်စီ, "Security Council Press Statement on Situation in Myanmar," သတင်းထုတ်ပြန်ချက်, ၂၀၂၁ ဒီဇင်ဘာ ၂၉ https://www.un.org/press/en/2021/sc14754.doc.htm

31 Ibid

32 ၂၀၂၁ အောက်တိုဘာ ၇ ရက်၊ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် B.G တို့ အင်တာဗျူး

33 Ibid

34 ၂၀၂၁ ဇွန်လ ၂၂ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် A.H တို့ အင်တာဗျူး

35 Ibid

တိုက်ခိုက်မှုမတိုက်မီတွင် ရပ်ရွာအဖွဲ့ဝင်များမှ "စစ်မတိုက်ရ" ဆိုသည့် ဒုက္ခသည်ခိုလှုံရာ အမှတ်အသား လက္ခဏာအဖြစ် ဘုရားကျောင်းပေါ်တွင် အလံဖြူထောင်ခဲ့ကြောင်းကိုလည်း ၎င်းက Fortify Rights အားပြောကြားခဲ့သည်။[36] Fortify Rights မှ ကြည့်ရှုခဲ့သည့် ဓာတ်ပုံများက ပျက်စီးသွားသော ဘုရားကျောင်း ခေါင်မိုးနှင့် ကြမ်းပြင်အနှံ့ပြန့်ကြဲနေသော အပျက်အစီးအစအနများကို ဖော်ပြ ပြသနေပါသည်။[37]

ကရင်နီလူ့အခွင့်အရေးအဖွဲ့ နှင့် ကရင်နီအရပ်ဖက်အဖွဲ့အစည်းကွန်ယက် (ကရင်နီအရပ်ဖက် အဖွဲ့အစည်းနှင့် ကူညီကယ်ဆယ်ရေး အဖွဲ့ ၁၀ ခုတို့၏ ညွန့်ပေါင်းအဖွဲ့အစည်းတစ်ခု) တို့၏ အဆိုအရ မြန်မာစစ်တပ်သည် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စ၍ ကရင်နီပြည်နယ်တွင် လူပေါင်း ၂၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီးဖြစ်သည်။[38]

## လူသားဒိုင်းကာ အသုံးပြုမှုနှင့် အဓမ္မပေါ်တာဆွဲခြင်း

အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာစစ်တပ်သည် ကရင်နီပြည်နယ်ရှိ ဆိုးရွားသော နိုင်ငံတကာဥပဒေ ချိုးဖောက်မှု တစ်ခုဖြစ်သည့် အရပ်သားပြည်သူများအား လူသားဒိုင်းကာအဖြစ် အသုံးချခြင်းနှင့် အဓမ္မပေါ်တာဆွဲခြင်းများကို အသုံးပြုလုပ်ဆောင် ခဲ့ပါသည်။ ဥပမာ၊ ကရင်နီနှင့် ရှမ်းပြည်နယ်ကြား နယ်စပ်တွင်တည်ရှိသော မိုးဗြဲမြို့မှ အသက် ၁၈ နှစ်အရွယ် ကျောင်းသားတစ်ဦးက ၂၀၂၁ ဇွန်လ အစောပိုင်းတွင် မြန်မာစစ်တပ်သည် သူ၊ သူ့ဦးလေးနှင့် အခြားလူနှစ်ယောက်အား ခေါ်ဆောင်သွားခဲ့ပြီး မြန်မာစစ်တပ်နှင့် ကရင်နီ PDF စစ်သည်များကြား တိုက်ပွဲများတွင် ၎င်းတို့အား လူသားဒိုင်းကာအဖြစ် အသုံးပြုခဲ့ကြောင်းဆိုသည်။[39] အဆိုပါ ထိန်းသိမ်းခံရသူများ၏ အမည်များကို Fortify Rights မှ မှတ်တမ်းတင် သိမ်းဆည်းထားပါသည်။

၁၈ နှစ်အရွယ်ကျောင်းသားမှ Fortify Rights ကို အောက်ပါအတိုင်းပြောသည်။

> (မြန်မာစစ်တပ်မှ စစ်သားတွေက) ကျွန်တော့်ကို ဒူးထောက်ထိုင်ခိုင်းပြီးတော့ ကျွန်တော်တို့ကို PDF သတင်းပေးတွေလို့ စွတ်စွဲရင်း စ,စစ်ဆေးတယ်။ သူတို့ ကျွန်တော်တို့ကို လမ်းမကြီးကိုခေါ်သွားပြီး ထပ်ဒူးထောက်ခိုင်းတယ်၊ ကျွန်တော်တို့လက်တွေကို နောက်ပြန်ကြိုးချည်တယ်၊ ကျွန်တော်တို့မျက်စိတွေကို စီးပြီးတော့ PDF နဲ့ စစ်တပ်ကြား တိုက်ပွဲဖြစ်နေတဲ့ ရထားလမ်းဘေးက နေရာကိုခေါ်သွားတယ်။ စစ်သားတွေက သူတို့သေနတ်တွေကို ကျွန်တော်တို့ပခုံးပေါ်တင်ပြီးတော့ ကျွန်တော်တို့နောက်ကနေ PDF တွေဆီကို လှမ်းပစ်တယ်။ အဲ့မှာ ကျွန်တော်နဲ့ ကျွန်တော့် ဦးလေးအပါအဝင် ကျွန်တော်တို့ စုစုပေါင်း ၄ ယောက်ရှိတယ်။[40]

---

**36** Ibid

**37** Ibid . ဓာတ်ပုံများကို Fortify Rights မှ မှတ်တမ်းတင်သိမ်းဆဲထားပါသည်။

**38** နှစ်ပတ်တစ်ခါတင်ပြသည့် နောက်ဆုံးရအခြေအနေ အမှတ်-၁၇, ကရင်နီအရပ်ဖက်အဖွဲ့အစည်းကွန်ယက်၊ ၂၀၂၂ ဖေဖော်ဝါရီ ၂ ရက်

**39** ၂၀၂၁ ဩဂုတ်လ ၂၇ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် A.B တို့ အင်တာဗျူး

**40** ၂၀၂၁ ဩဂုတ်လ ၂၇ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် A.B တို့ အင်တာဗျူး

သူက ဆက်ပြောသည်။

> ကျွန်တော်တို့ထဲက တစ်ယောက်က ပထမညမှာပဲ ထွက်ပြေးလွတ်မြောက်သွားတယ်။ (ကျွန်တော်အပါအဝင်) ကျန်တဲ့လူတွေကိုတော့ အခန်းတစ်ခုကို ခေါ်သွားပြီး ၃ ညနဲ့ ၄ ရက် ထိန်းသိမ်းထားတယ်။ ကျွန်တော်တို့တွေကို တုတ်ထားပြီး မျက်စိလည်း စည်းထားဆဲပါပဲ။ ကျွန်တော်တို့ကို နည်းပေါင်းစုံနဲ့ နှိပ်စက်ခဲ့ကြတယ်။ ကျွန်တော်တို့ ကိုယ်တွေကိုကန်တယ်၊ ခေါင်းတွေကို သေနတ်ဒင်နဲ့ ထုတယ်၊ စသဖြင့်ပေါ့။[41]

လေးရက်အကြာတွင် ၎င်းနှင့် သူ့၏ ဦးလေးမှာ စစ်အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။[42] Fortify Rights သည် စတုတ္ထမြောက် အမျိုးသား၏ အခြေအနေနှင့် ၎င်း မည်သည့်နေရာတွင် ရောက်ရှိနေသည် စသည့်အခြင်းအရာများအား အတည်ပြုနိုင်ခြင်း မရှိခဲ့ပါ။

Fortify Rights သည် မြန်မာစစ်သားများမှ ဒီမောဆိုမြို့နယ် မြလေးရွာမှ ကရင်နီအမျိုးသား ၄ ယောက်ကို ထိန်းသိမ်းကာ အခြားအကျဉ်းသား ၆ ယောက်နှင့်အတူ စစ်အသုံးအဆောင်ပစ္စည်းများကို ၅ ရက်တာ အဓမ္မသယ် ခိုင်းခဲ့ပုံကိုလည်း မှတ်တမ်းတင်ခဲ့သည်။[43] အသက်ဘေးမှ လွတ်မြောက်လာသူ ရှမ်းဗမာ တိုင်းရင်းသားတစ်ဦးက Fortify Rights ကို အောက်ပါအတိုင်းပြောသည်။

> ကျွန်တော်ကို ဒရွတ်တိုက်ဆွဲခေါ်သွားကြတယ်။ ကျွန်တော့်လက်တွေကို နောက်ပြန်ချည်ထားတယ်။ ကျွန်တော့်ကို တခြားအကျဉ်းသားတွေနည်းတူ သွားဖို့အမိန့်ပေးတယ်။ တပ်ရင်းချီတက်ချိန် ပစ္စည်းအလေးကြီးတွေကို ထမ်းသယ်ရင်း ကျွန်တော့်တို့ကို ပေါ်တာအဖြစ် အသုံးချခဲ့ကြတယ်။ ကျွန်တော်တို့က PDF နဲ့ တစ်နည်းနည်းနဲ့ ပတ်သက်နေလားလို့လည်း မေးသေးတယ်ဗျ။[44]

41 ၂၀၂၁ ဩဂုတ်လ ၂၇ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် A.B တို့ အင်တာဗျူး

42 Ibid

43 ၂၀၂၁ အောက်တိုဘာ ၇ ရက်၊ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် B.G တို့ အင်တာဗျူး

44 Ibid

## အစမ္မနေရပ်စွန့်စေခြင်း



၂၀၂၂ ဇန်နဝါရီ ၁၂ ရက် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်တွင် မြန်မာ အာဏာသိမ်းအုပ်စု၏ တိုက်ခိုက်မှုကို နေရပ်စွန့်ပြည်သူများမှ တိမ်းရှောင်ထွက်ပြေးစဉ် ကရင်နီ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ လိုက်ပါစောင့်ရှောက်ပေးနေပုံ။ ©Mauk Kham Wah, January 2022.


ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့အာဏာသိမ်းချိန်မှစ၍ အရပ်သား ပြည်သူများအပေါ် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုသည် ပြည်သူ့အသက်ပေါင်းများစွာ ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သည်သာမက မြောက်များစွာသောလူတို့အား အစမ္မနေရပ်စွန့်စေမှုကိုလည်း ဖြစ်ပေါ်စေခဲ့သည်။

၂၀၂၂ ဇန်နဝါရီ ၃၁ ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး၏ နိုင်ငံတွင်းနေရပ်စွန့် ကိန်းဂဏန်း အရေအတွက်မှာ ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းချိန်မှ စ၍ ကရင်နီပြည်နယ်ရှိ ခန့်မှန်း နေရပ်စွန့်ခွာသူ ၈၁၈၀၀ နှင့် အိမ်နီးချင်းရှမ်းပြည်နယ်တောင်ပိုင်းရှိ ၅၆၂၀၀ တို့အပါအဝင် နေရပ်စွန့်ပြည်သူပေါင်း ၄၄၁၅၀၀ အဖြစ် မြင့်မားသည့် ပမာဏအသစ်တစ်ခုသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။[45] UNHCR သည် ယခင်က “ကယား (ကရင်နီ) ပြည်နယ် လူဦးရေ ၃၀၀,၀၀၀ ၏ မြောက်များစွာသော အချိုးအစားပမာဏတစ်ခုမှာ ယခုအခါနေရပ်စွန့်ခွာလျက်ရှိကြောင်း” မှတ်တမ်းတင်ခဲ့ဖူးသည်။[46] KSCN ၏ အဆိုအရ မြန်မာစစ်တပ်၏ တိုက်ခိုက်မှုနှင့် ချိုးဖောက်စော်ကားမှုများသည် ကရင်နီပြည်ရှိ (ပြည်နယ်၏ လူဦးရေ တဝက်ထက်ပိုများသော) ပြည်သူပေါင်း ၁၇၀,၀၀၀ ကျော်ကို နေရပ်စွန့်ခွာစေပြီးဖြစ်သည်။[47]

45 U.N. ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး, မြန်မာ့အရေးပေါ် နောက်ဆုံးအခြေအနေ, ဖေဖော်ဝါရီ ၁, ၂၀၂၂.

46 U.N. ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး, မြန်မာ့အရေးပေါ် နောက်ဆုံးအခြေအနေ, ဇန်နဝါရီ ၁၇, ၂၀၂၂, https://reporting.unhcr.org/document/1326.

47 နှစ်ပတ်တစ်ခါတင်ပြသည့် နောက်ဆုံးရအခြေအနေ အမှတ်-၁၇, ကရင်နီအရပ်ဖက်အဖွဲ့အစည်းကွန်ယက်၊ ၂၀၂၂ ဖေဖော်ဝါရီ ၂ ရက်



၂၀၂၂ ဇန်နဝါရီ ၇ ရက်၊ မြန်မာ့လေတပ် ဂျက်လေယာဉ်တစ်စီး ကရင်နီပြည်နယ်၏ မြို့တော် လွိုင်ကော်ပေါ်၌ ပျံသန်းနေပုံ. © SJM, January 2022.

Fortify Rights သည် မြန်မာလေတပ်၏ ဗုံးကြဲမှုနှင့် မြန်မာစစ်တပ်နှင့် လက်နက်ကိုင်တော်လှန်သည့် အုပ်စုများကြား တိုက်ခိုက်မှုများကြောင့် မကြာသေးခင်က လွိုင်ကော်ကို စွန့်ခွာခဲ့သည့် နေရပ်စွန့် ပြည်သူတချို့နှင့် ဆက်သွယ်ပြောဆိုခဲ့ပါသည်။[48] ဥပမာ၊ မီမီသည် ၂၀၂၁ မတ်လတွင် ဖယ်ခုံမြို့နယ်မှ လွိုင်ကော်သို့ ထွက်ပြေးခဲ့ရသည့် ၃၅ နှစ်အရွယ် အစိုးရ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ပြီး ဇန်နဝါရီ ၇ ရက်နေ့ စစ်တပ်မှ လွိုင်ကော်ကို တိုက်ခိုက်ခဲ့ချိန်တွင် ဒုတိယအကြိမ်အဖြစ် ထွက်ပြေးခဲ့ရပြန်သည်။ သူမက Fortify Rights ကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> (လွိုင်ကော်မှာ) ညအချိန် စစ်ပွဲဖြစ်တယ်။ ဒီတော့ မနက်ပိုင်းမှာ ချက်ချင်း အထုတ်အပိုးပြင်ပြီး ထွက်ခွာခဲ့ရတယ်။ အထုတ်အပိုးပြင်ဖို့ အချိန်သိပ်မရလိုက်ဘူး။ ကျွန်မတို့ ထွက်သွားချိန် ကားတွေ အများကြီးတွေ့ရတယ်။ တော်တော်များများကလည်း နေအိမ်ကို စွန့်ခွာဖို့ ကြိုးစားနေကြတာ။ ကျွန်မနေရာက လွိုင်ကော်မှာ ဆိုပေမယ့် အိမ်ပြန်လို့မရဘူးရယ်။[49]

ဇန်နဝါရီ ၁၀ ရက်တွင် လွိုင်ကော်မှ ထွကပြေးခဲ့ရသည့် နောက်ထပ် ဒုက္ခသည် တစ်ဦးဖြစ်သူ "Grace" သည် Fortify Rights ကို အောက်ပါအတိုင်းပြောကြားခဲ့သည်။

> ၉ ရက်နေ့ (ဇန်နဝါရီ) မှာ ကျွန်မတို့ အကုန်လုံးကို ကြားခဲ့ရတာ။ သူတို့လေယာဉ်နဲ့ ဗုံးကြဲတာ ၁၀ ကြိမ်လောက် ရှိနိုင်သည်။ ၁၀ ရက်နေ့ (ဇန်နဝါရီ) ဂျက်လေယဉ်နဲ့ ဗုံးစကြဲချိန် ကျွန်မမောင် ဝမ်းကွဲနှင့် မောင်အရင်းတို့ပါ ကျွန်မတို့ အိမ်က ထွက်ခွာခဲ့ရတာ။ ကြာကြာနေရင် လွတ်မှာ မဟုတ်ဘူဆိုတာ ကျွန်မတို့ သိတယ်လေ။[50]

မြန်မာစစ်တပ်၏ ပြည်သူများအား အဓမ္မနေရပ်စွန့်စေသည့်ကိစ္စမှာ ကရင်နီမြို့ရွာများအား ဆက်လက်တိုက်ခိုက်နေခြင်းနှင့် ပြည်သူ့အိုးအိမ်၊ စည်းစိမ်များ ဖျက်စီးခံရခြင်းများကို ကြည့်ခြင်းအားဖြင့် အီလေးဆွဲကြန့်ကြာသော အခြေအနေကို ဖြစ်ပေါ်စေမည့် နမိတ်လက္ခဏာပင်ဖြစ်ပါသည်။ ၂၀၂၁ ဇွန်လတွင် ယခင်လ ၎င်းတို့ ရွာအပေါ် စစ်တပ်၏ တိုက်ခိုက်မှုအပြီး အခြေအနေကိုတင်ပြကာ လွိုင်ကော်မြို့နယ်ရှိ ကယန်းသာယာကျေးရွာမှ နေရပ်စွန့်ပုဂ္ဂိုလ်တစ်ဦးမှ Fortify Rights ကို အောက်ပါအတိုင်း ပြောကြားခဲ့သည်။

---

**48** ၂၀၂၂ ဇန်နဝါရီ ၁၃ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် C.F တို့ အင်တာဗျူး၊ ၂၀၂၂ ဇန်နဝါရီ ၁၄ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် C.I တို့ အင်တာဗျူး၊ ၂၀၂၂ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် C.J တို့ အင်တာဗျူး၊

**49** ၂၀၂၂ ဇန်နဝါရီ ၁၃ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် C.F တို့ အင်တာဗျူး၊

**50** ၂၀၂၂ ဇန်နဝါရီ ၁၄ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် C.I တို့ အင်တာဗျူး၊

> ရွာအတွင်းပြန်ကြဲနေတဲ့ ဗုံးနဲ့ လက်နက်ကြီး အကြွင်းအကျန်တချို့ကိုတွေ့ခဲ့ပြီတော့ တချို့ ကျတော့လည်း အခုထိ ထပေါက်နိုင်တဲ့ အနေအထားမှာရှိနိုင်တယ်။ တချို့အိမ်တွေက အကောင်းပကတိ ရှိနေသေးပေမယ့် ဘုရားကျောင်းနားက အိမ်တချို့ကတော့ ကျည်ထိပြီး ပုံပျက်ပန်းဖြစ်နေတယ်။ ကျွန်တော်တို့က တောထဲပုန်းတဲ့နေရာကနေ ရွာကို ခဏတဖြုတ်သာ သွားကြည့်နိုင်တာ။ အများပြောကြတာက ဒါက (ပဋိပက္ခက) ၁ လလောက်ပဲကြာမယ်လို့ပြော တယ်။ ဒါပေမယ့် ကျွန်တော်ရွာကို ပြန်တိုင်း စစ်သားတွေက အဲ့မှာရှိနေဆဲပဲ။[51]

၁၈နှစ်အရွယ် ကရင်နီအမျိုးသားတစ်ယောက်ကလည်း ဇွန်လတွင် ကရင်နီနှင့် ရှမ်းပြည်နယ် နယ်စပ် မိုးဗြဲမြို့အနီး ရွာတစ်ရွာရှိ အရပ်သား နေအိမ်တစ်လုံးအား စစ်သားများက တိုက်ခိုက်ခဲ့သည်ကို မြင်ခဲ့ရ ကြောင်း အစီအရင်ခံခဲ့သည်။ "အိမ်တစ်လုံးကို မီးရှို့နေတဲ့ စစ်သားတွေကို (ကျွန်တော်တို့) မြင်ခဲ့ရ တယ်" ဟု ၎င်းက ဆိုသည်။[52]

၂၀၂၁ စက်တင်ဘာ ၇ ရက်နေ့တွင် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ဒီ မောဆိုမြို့နယ် စံပြခြောက်မိုင်ကျေးရွာအုပ်စုတွင် ကက်သလစ်ဘုရားကျောင်းတစ်ခုနှင့် အရေအတွက် အတည် မပြုနိုင်သော အရပ်သားပြည်သူအိမ်များသည် "လက်နက်ကြီးထိခိုက်မှုကြောင့် မီးလောင် ပျက်စီးခဲ့ရသည်"ဟု အစီအရင်ခံခဲ့သည်။[53] များမကြာမီ ၂၀၂၂ ဇန်နဝါရီလတွင် OCHA က အောက်ပါ အတိုင်း အစီအရင်ခံခဲ့သည်။

> လွိုင်ကော်မြို့နယ် ရွာ ၂ ရွာရှိ ခန့်မှန်းအရေအတွက် ၂၀ ခန့်ရှိသော နေအိမ်များနှင့် စပါးကျီများကို ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ရှို့မီး၊ လက်နက်ကြီးတို့ဖြင့် တိုက်ခိုက်မှုတို့ကြောင့် မီးလောင်ပျက်စီးခဲ့ ရပြီး ကယား (ကရင်နီ)ပြည်နယ်မှ မြို့နယ် ၃ ခုနှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ မြို့နယ် ၁ ခုတို့ တွင် ၂၀၂၁ မေလ ၂၁ ရက်နှင့် ဒီဇင်ဘာ ၂၀ ရက်ကြား ပြည်သူ့အိုးအိမ်းစည်းစိမ်ဖျက်စီးခံရမှု စုစုပေါင်းအရေအတွက်မှာ အိမ်ပေါင်း ၆၅၀ ကျော်၊ church ကျောင်း ၆ ခု၊ ဆေးခန်းတစ်ခု အထိ ရှိခဲ့သည်။[54]

51 ၂၀၂၁ ဇွန် ၂၂ မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ် Fortify Rights နှင့် A.H တို့ အင်တာဗျူး၊

52 Ibid

53 U.N. Office for the Coordination of Humanitarian Affairs, Myanmar Humanitarian Update No. 11, October 1, 2021, https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-11-1-october-2021

54 U.N. Office for the Coordination of Humanitarian Affairs, Myanmar Humanitarian Update No.14, January 17, 2022, https://reliefweb.int/sites/reliefweb.int/files/resources/OCHA%20Myanmar%20-%20Humanitarian%20Update%20No.14_FINAL.pdf







[TOP LEFT]: ၂၀၂၂ ဇန်နဝါရီ ၁၇ ရက်နေ့ ပြည်သူ ၃ ဦးကို သေဆုံးစေခဲ့သော မြန်မာ့လေတပ်၏ လေကြောင်းတိုက်ခိုက်မှုအပြီး ကရင်နီပြည်နယ် ဖရူဆိုမြို့နယ် ရီးခီးဘူရွာနား ယာယီစစ်ရှောင်စခန်းအနီး တွေ့ရသော ဗုံးအကြွင်းအကျန်ကို ကရင်နီစစ်သား တစ်ဦးမှ ပြသနေပုံ © PL, January 2022.

[RIGHT]: ၂၀၂၂ ဇန်နဝါရီ ၁၇ ရက်နေ့ ကရင်နီပြည်နယ် ဖရူဆိုမြို့နယ် ရီးခီးဘူရွာနား ယာယီစစ်ရှောင်စခန်းအပေါ် မြန်မာ့ လေတပ် ၏ လေကြောင်းတိုက်ခိုက်မှုအပြီး စခန်း၏အပျက်အစီးအကြွင်းအကျန် © PL, January 2022.

[BOTTOM LEFT]: ကရင်နီပြည်နယ် ဖရူဆိုမြို့နယ် ရီးခီးဘူရွာနား ယာယီစစ်ရှောင်စခန်းအပေါ် မြန်မာ့လေတပ်၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်ကျန်ရစ်ခဲ့သည့် မြေပြင်ပေါ်မှ ချိုင့်ကြီး © PL, January 2022.

.



၂၀၂၂ ဇန်နဝါရီ ၅ ရက်တွင် ဒီမောဆိုမြို့နယ်ရှိ ငွေတောင်ဆည်နားတွင် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့မှ စစ်သားတစ်ဦးက ကျဆုံးသွားသော ရဲဘော်တစ်ဦး၏ အလောင်းကို နာရေးနှင့် ပတ်သက်သည့် ဘာသာအယူဓလေ့အရ စောင့်ကြည့်နေပုံ။ ©Mauk Kham Wah, January 2022.

# II. နိုင်ငံတကာ ဥပဒေမူဘောင်

ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် မြန်မာ့စစ်တပ်၏ လူသတ်မှု၊ အဓမ္မနေရပ်စွန့်စေမှု၊ အရပ်သားနှင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အရာများအပေါ် အခြားတိုက်ခိုက်မှုများသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားရေး ဥပဒေတို့ကို ပြင်းထန်စွာချိုးဖောက်ထားသည့် သက်သေ အထောက်အထားများကို ဖော်ပြလျက်ရှိပြီး စစ်ရာဇဝတ်မှုအထိ မြောက်နိုင်ပါသည်။

စစ်ဥပဒေဟုသိကြသော နိုင်ငံတကာလူသားချင်းစာနာထောက်ရေး ဥပဒေသည် မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တို့ကြား စစ်ရေးပဋိပက္ခဖြစ်ပွားလျက်ရှိသော ကရင်နီပြည်နယ်၏ အခြေအနေနှင့် သက်ဆိုင်ပတ်သက်လျက်ရှိသည်။[55] စစ်ဥပဒေကို လက်နက်ကိုင်ပဋိပက္ခအား

55 ဂျနီဗာကွန်ဗန့်ရှင်း၏ ဘုံအခန်း-၃ (Common Article-3) သည် "နိုင်ငံတကာဝိသေသမဟုတ် လက်နက်ကိုင် ပဋိပက္ခ"အတွက် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။ Common Article-3 ကိုယ်တိုင်က "နိုင်ငံတကာနှင့် မသက်ဆိုင်သော လက်ကိုင်ပဋိပက္ခ"မြောက်နိုင်သည့် အခြေအနေအများကို အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိသော်လည်း နိုင်ငံတကာကြက်ခြေနီအသင်း၏ ရှင်းလင်းအစီအရင်ခံချက် အခြေအနေတစ်ရပ်သည် "နိုင်ငံတကာနှင့် မသက်ဆိုင်သော လက်ကိုင်ပဋိပက္ခ" မြောက်၊ မမြောက်ဆုံးဖြတ်နိုင်သည့် (ပါဝင်အဖွဲ့အစည်းများ၏ ဝိသေသလက္ခဏာ၊ ပဋိပက္ခပြင်းထန်မှုနှင့် ပါဝင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းအနေအထား အပါအဝင်) အခြေခံအချက်အလက်များစွာကို သတ်မှတ်ထားပါသည်။ ကရင်နီပြည်နယ် ပဋိပက္ခတွင် ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများ၏ သဘောသဘာဝနှင့် လက်နက်ကိုထိပ်တိုက်တိုက်ခိုက်မှုအဆင့်များကို ထောက်ရှု၍ ဤအခြေအနေသည် "နိုင်ငံတကာနှင့် မသက်ဆိုင်သော လက်ကိုင်ပဋိပက္ခ" မြောက်နိုင်ပါသည်။ စစ်ပွဲကာလ အရပ်သားပြည်သူများကိုကာကွယ်ခြင်းနှင့် ပတ်သက်သော ဂျနီဗာ ကွန်ဗန့်ရှင်း (Fourth Geneva Convention) သည် ၁၂ ဩဂုတ် ၁၉၄၉ 75 U.N.T.S. ကိုချမှတ်ကာ၊ ၂၁ အောက်တိုဘာ ၁၉၅၀ တွင် အသက်ဝင်ခဲ့ပြီး ၂၅ ဩဂုတ် ၁၉၉၂ တွင် မြန်မာမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည် Art. 3 (Common Article-3)။ ကြည်ရန်- နိုင်ငံတကာကြက်ခြေနီအသင်း ၊ Commentary on the First Geneva Convention: Convention (I) for the Amelioration of the Condition of the Wounded and Sick in Armed Forces in the Field (Cambridge University Press: Cambridge: 2016)။ ကြည့်ရန် - Prosecutor v. Dusko Tadic, International Criminal Tribunal for the former Yugoslavia (ICTY), Case No. IT-94-1-AR72, Decision (Appeals Chamber), October 2, 1995, para. 70.

ထိန်းညှိရန် ပြဋ္ဌာန်းထားသည့် Geneva Convention ဖြင့် အဓိက သတ်မှတ်သည်။[56] စတုတ္ထမြောက် Geneva Convention သည် အရပ်သားကို ကာကွယ်ခြင်းနှင့် ပတ်သက်သည့် စည်းမျည်းများကို အဓိက ပြဋ္ဌာန်းထားသည်။[57] ကွန်ဗင်းရှင်းသည် မည်သည့်အကြမ်းဖက်လုပ်ရပ်မျိုးတွင်မဆို အရပ်သားပြည်သူကိုကာကွယ်ရန် အတိအလင်း အာမခံထားသည်။[58] စတုတ္ထမြောက် Geneva Convention အခန်း ၃၂ တွင် လူသတ်မှုသာမက "မည်သည့်ရက်စက်မှုမျိုးမဆို" ပါဝင်သည့် "...ကာကွယ်ရမည့် လူပုဂ္ဂိုလ်အားအဆုံးစီရင်"ရန် ဆောင်ရွက်သော လုပ်ရပ်မှန်သမျှကို ဆက်လက် တားမြစ်ထားသည်။[59] ဤအကာအကွယ်ပေးမှုမျိုးကို ထောက်ရှုခြင်းအားဖြင့် အခုအစီအရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် အရပ်သားပြည်သူများအားသတ်ဖြတ်မှုများမှာ နိုင်ငံတကာလူသားချင်း စာနာထောက်ထားရေး ဥပဒေကို ချိုးဖောက်ခြင်းများဖြစ်ကြောင်း ဖော်ပြနေပါသည်။ ဤအစီအရင်ခံစာတင် မှတ်တမ်းတင်ထားသည့် သတ်ဖြတ်မှုများသည် နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC)၏ ရောမစာချုပ် (Rome Statute) မှ သတ်မှတ်ထားသည့် စစ်ရာဇဝတ်မှုများ၏ အထောက်အထားများလည်း ဖြစ်နိုင်ပါသည်။[60] Rome Statute သည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေးဥပဒေကို ဆိုးဆိုးရွားရွား ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်းများအထိ ဖြစ်စေသော လုပ်ရပ်တချို့ကို ခွဲထုတ်ဖော်ပြထားပါသည်။[61] အသက်အန္တရာယ်ပေးမှုနှင့် မည်သည့်ပုံစံသတ်ဖြတ်မှုကို မဆို "တိုက်ပွဲများတွင် (တက်ကြွ)လှုပ်ရှားသည့်အခန်းကဏ္ဍမပါဝင်သူများအပေါ် ကျူးလွန်"သည့်အခါ လူသားချင်းစာနာထောက်ထားရေး ဥပဒေကို ပြင်းထန်စွာချိုးဖောက်သည်ဟု သတ်မှတ်ပြီး Rome Statute တွင်ဖော်ပြထားသော စစ်ရာဇဝတ်မှုများအထိ မြောက်နိုင်ပါသည်။[62]

အရပ်သားများအားလူသားဒိုင်းကာအဖြစ်အသုံးပြုခြင်းကို "နိုင်ငံတကာနှင့် မသက်ဆိုင်သော (ပြည်တွင်း) လက်ကိုင်ပဋိပက္ခ" နှင့် ဆက်စပ်သည့် လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာလူသားချင်း စာနာထောက်ထားသည့် ဥပဒေများအောက်တွင် ရှင်းရှင်းလင်းလင်း ဖြေရှင်းထားခြင်းမရှိသော်လည်း ဤအလေ့အထသည် ဒိုင်းအဖြစ်အသုံးပြုခံရသော အရပ်သားများကို စိုးရိမ်ဖွယ်အန္တရာယ်သို့တွန်းပို့ခြင်းဖြစ်၍ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေး ဥပဒေကို ချိုးဖောက်ခြင်းအဖြစ် အခိုင်အမာမှတ်ယူကာ စစ်ရာဇဝတ်မှုအထိ မြောက်နိုင်သည်။ ဥပမာ၊

56 နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေး ဥပဒေကို Geneva Convention ဖြင့် အဓိက သတ်မှတ်သည်။ မြန်မာနိုင်ငံသည် ဂျနီဗာကွန်ဗင်းရှင်း Protocol II ၏ အဖွဲ့ဝင်တစ်ခု မဟုတ်သော်လည်း ဂျနီဗာကွန်ဗင်းရှင်းကို နိုင်ငံတကာ ကျင့်ထုံးဥပဒေ၏ တစိတ်တပိုင်းအဖြစ်မှတ်ယူသည်၊ ထို့ကြောင့် နိုင်ငံအားလုံးနှင့် သက်တိုင်သည်။ Protocol Additional to the Geneva Conventions of 12 August 1949 and Relating to the Protection of Victims of Non-International Armed Conflicts (Protocol II), 1125 U.N.T.S. 609, ၇ ရက် ဒီဇင်ဘာ ၁၉၇၈ တွင် အသက်ဝင်ခဲ့ပြီး မြန်မာလက်မှတ်မထိုးထားပေ။

57 Geneva Convention relative to the Protection of Civilian Persons in Time of War (Fourth Geneva Convention), ၁၃ ဩဂုတ် ၁၉၄၉ ချမှတ်ပြဋ္ဌာန်း၍ 75 U.N.T.S. 287၊၁၉၅၀ အောက်တိုဘာ ၂၁ တွင် အသက်ဝင်ပြီး ၁၉၉၂ ဩဂုတ် ၂၅ တွင်မြန်မာမှ လက်မှတ်ရေးထိုးခဲ့သည်။

58 Fourth Geneva Convention, Art. 27.

59 Fourth Geneva Convention, Art. 27.

60 နိုင်ငံတကာရာဇဝတ်ခုံရုံး၏ ရောမစာချုပ် (Rome Statute)၊ ၁၉၉၈ ဇူလိုင် ၁၇ တွင်ချမှတ်ပြဋ္ဌာန်းသည်၊ 2187 U.N.T.S. 90, U.N. Doc. A/CONF.183/9, (2002).

61 Rome Statute, arts. 8, 30.

62 Rome Statute, Art. 8(2)(c)(i).

အသက်ရှင်ရပ်တည်ပိုင်ခွင့် (Right to Life) ကို ဘာသာပြန်ရာ၌ UN လူ့အခွင့်အရေးကော်မတီက အဆိုပါအခွင့်အရေးတွင် အသတ်မခံရပိုင်ခွင့်လည်းပါဝင်ပြီး အကြောင်းမဲ့သတ်ဖြတ်မှုကို တားမြစ်ရန် အရေးယူ ဆောင်ရွက်ရမည်ဟူသော အချက်ကို ကိုင်စွဲထားပါသည်။[63] လက်နက်မဲ့ပြည်သူများကို ဒိုင်းကာအဖြစ် အန္တရာယ်တွင်းသို့ ရည်ရွယ်ချက်ရှိရှိတွန်းပို့ခြင်းအားဖြင့် မြန်မာစစ်တပ်သည် အဆိုပါ အရပ်သားပြည်သူများ၏ အသက်ရှင်ရပ်တည်ပိုင်ခွင့် (Right to Life) ကို ကာကွယ်ရန် ပျက်ကွက်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာနှင့် မသက်ဆိုင်သော လက်နက်ကိုင်ပဋိပက္ခ၌ လူသားဒိုင်းကာကိုအသုံးပြုခြင်းအား အရပ်သားများအတွက် စစ်ပွဲကာလ ကာကွယ်မှုအမျိုးမျိုးကို အာမခံပေးထားသည့် ဂျနီဗာကွန်ဗန့်ရှင်း Additional Protocol II ၏ အခန်း ၁၃ နှင့်အညီ နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေး ဥပဒေအောက်တွင် တားမြစ်ထားပါသည်။[64] နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေးဥပဒေ၏ အုပ်ထိန်းသူအဖြစ် ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူခြင်းခံရသည့် နိုင်ငံတကာကြက်ခြေနီအဖွဲ့ ICRC သည် နိုင်ငံတကာနှင့် ပြည်တွင်းလက်နက်ကိုင် နှစ်ရပ်လုံးတွင် လူသားဒိုင်းကာအသုံးပြုမှုတားမြစ်ခြင်းကို နိုင်ငံတကာကျင့်ထုံးဥပဒေ၏ စံတစ်ခုအဖြစ် အတည်ပြုထားပြီးဖြစ်သည်။[65] ယခင် ယူဂိုဆလားဗီးယားဆိုင်ရာ နိုင်ငံတကာရာဇဝတ်ခုံရုံးကလည်း ဤလုပ်ရပ်ကို စစ်ရာဇဝတ်မှုအဖြစ်အသိအမှတ်ပြုပြီး ၎င်းကို စစ်ရာဇဝတ်မြောက် ညှင်းပန်းရက်စက်မှုနှင့် ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာကိုစော်ကားမှုပုံစံတစ်ရပ်အဖြစ် မှတ်ယူသည်။[66]

ပြည်တွင်း လက်ကိုင်ပဋိပက္ခနှင့် စပ်လျဉ်းပြီး Rome Statute တွင် စစ်ရာဇဝတ်မှုအဖြစ် ခွဲထုတ်ဖော်ပြ၍ ဤအစီအရင်ခံစာပါ သက်သေခံမှတ်တမ်းများနှင့် ပတ်သက်သည့် အခြားသော နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေး ဥပဒေကို ပြင်းထန်စွာချိုးဖောက်မှုများမှာ အောက်ပါတို့ ပါဝင်ပါသည်။

- အရပ်သားပြည်သူလူထုအပေါ် ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ရန် ညွှန်ကြားခြင်း (သို့) စစ်ရေးနှင့် တိုက်ရိုက်မပတ်သက်သူများကို တစ်ဦးချင်းအလိုက် တိုက်ခိုက်ခြင်း
- ဘာသာရေးနှင့် ပတ်သက်သည့် အဆောက်အဦးများကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ရန် ညွှန်ကြားခြင်း
- တိုက်ခိုက်ခံနေရချိန်အတွင်း မြို့ (သို့) နေရာကို လုယက်ဖျက်စီးခြင်း၊
- အရပ်သားလုံခြုံရေးနှင့် ပတ်သက်မှု မရှိဘဲ (သို့) အရေးကြီးသော စစ်ရေးအကြောင်းပြချက်များ မရှိဘဲ အရပ်သားပြည်သူလူထုအား နေရပ်စွန့်စေရန် အမိန့်ပေးခြင်း [67]

63 U.N. Human Rights Committee, General Comment No. 6: Article 6 (Right to Life), U.N. Doc x, April 30, 1982

64 Protocol II, Art. 13 (1).

65 ကြည့်ရန်- နိုင်ငံတကာကြက်ခြေနီအသင်း နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ကျင့်ထုံးဥပဒေ၊ Vol. II: Practice (Cambridge: Cambridge Press, 2005), Rule 97

66 ကြည့်ရန်- Prosecutor v. Blaškić, International Criminal Tribunal for the Former Yugoslavia (ICTY), Case No. IT-95-14-T, Judgment, Trial Chamber I, March 3, 2000, para. 716; Prosecutor v. Kordić and Čerkez ICTY, Case No. IT-95-14/2-T, Judgment, Trial Chamber III, February 26, 2001, para. 256.

67 ကြည့်ရန်- Rome Statute, Art. 8(2)(e)(i), (iv), (v), (viii)

ထိုနည်းတူ ဤအစီရင်ခံစာတွင်မှတ်တမ်းတင်ထားသည့် စစ်ဘေးရှောင်များခိုအောင်းရာနေရာများ၊ ဘုရားကျောင်းများ၊ ပုဂ္ဂလိကအိမ်များနှင့် အရပ်သားများနေထိုင်ရာ နေရာများအပေါ် တိုက်ခိုက်မှုများအပါအဝင် မြောက်များစွာသော ပြည်သူများအားနေရပ် စွန့်ခွာစေမှုသည် ကရင်နီပြည်နယ်ရှိ ဖြစ်ပေါ်ခဲ့ စစ်ရာဇဝတ်မှုများ၏ နောက်ထပ် သက်သေအထောက်အထားများပင် ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေသည် အသက်ရှင်ရပ်တည်ပိုင်ခွင့်ကိုကာကွယ်ပေးသလို အဓမ္မနေရပ်စွန့်စေမှုကိုလည်း တားမြစ်သည်။ ၁၉၄၈ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း အခန်း ၂ တွင် "လူတိုင်းအသက်ရှင်ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံစွာနေနိုင်ခွင့်"ကို ပြဋ္ဌာန်းထားသည်။[68] နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) ကလည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကြောင်းမဲ့ သတ်ဖြတ်ခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားပြီး ရှင်သန်ရပ်တည်ပိုင်ခွင့်မှာ အကြွင်းမဲ့ဖြစ်ကြောင်း ဖော်ပြထားသည်။[69] မြန်မာစစ်တပ်မှ ကရင်နီပြည်နယ်ရှိ အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်းသည် ဤအခြေခံအခွင့်အရေးကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။

မြန်မာစစ်တပ်၏တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်စေခဲ့သော ကရင်နီပြည်သူတို့ နေရပ်စွန့်ခွာမှုသည် နိုင်ငံတကာ ဥပဒေမှ ကာကွယ်ပေးထားသည့် အခြေခံအခွင့်အရေးများကို ဆက်လက် ချိုးဖောက်လိုက်ခြင်းပင်ဖြစ်သည်။ ပြည်တွင်းနေရပ်စွန့်ခွာမှုနှင့်ပတ်သက်သော လမ်းညွှန်မှုများသည် အဓမ္မနေရပ်စွန့်ခွာမှုမှ အကာအကွယ်ပေးခြင်းကို အာမခံထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားရေး ဥပဒေအပါအဝင် စုပေါင်းအခွင့်အရေးကို ဖော်ထုတ်တင်ပြထားသည်။[70] လမ်းညွှန်မှုများ၏ မူအမှတ် (၆) အရ "လူသားတိုင်း၌ မိမိ၏နေအိမ် (သို့) နေထိုင်ရာနေရာမှ အဓမ္မနေရပ်စွန့်ခံရမှုကို ကာကွယ်ပိုင်ခွင့် ရှိရမည်"။[71] ဤတားမြစ်မှုတွင် အရပ်သားလုံခြုံရေးနှင့် ပတ်သက်မှု မရှိဘဲ (သို့) အရေးကြီးသော စစ်ရေးအကြောင်းပြချက်များ မရှိဘဲ လက်နက်ကိုင်ပဋိပက္ခအခြေအနေ၌ နေရပ်စွန့်စေမှုလည်း ပါဝင်ပါသည်။[72] အရေးကြီးစစ်ရေးအကြောင်းပြချက်မရှိခြင်း (သို့) "နေရပ်စွန့်ခွာမှုနှင့် ၎င်း၏ဆိုးကျိုး တို့ကို လျှော့ချမည့်" အရေးယူဆောင်ရွက်ချက်များ မရှိခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်တပ်မှ ကရင်နီပြည်သူမြောက်များစွာကို နေရပ်စွန့်စေမှုသည် နိုင်လိုမင်းထက်၊ ထင်တိုင်းကြဲခြင်းဖြစ်ပြီး နိုင်ငံတကာစံနှုန်းများကို ချိုးဖောက်ခြင်းဟု သတ်မှတ်ရပါမည်။[73]



68 အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၊ ၁၉၄၈ ဒီဇင်ဘာ ၁၀ ရက်တွင်ချမှတ် ပြဋ္ဌာန်းခဲ့သည်။, G.A. Res. 217A(III), U.N. Doc. A/810 at 71 (1948), Art. 2

69 နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR) ၁၉၆၆ ဒီဇင်ဘာ ၁၉တွင် ချမှတ်ပြဋ္ဌာန်းခဲ့သည်။ G.A. Res. 2200A (XXI), U.N. Doc. A/6316, Arts. 6(2), 4(2)

70 Commission on Human Rights, Guiding Principles on Internal Displacement, U.N. Doc. E/CN.4/1998/53/Add.2, February 11, 1998.

71 လမ်းညွှန်မှုများ၊ မူ - ၆ (၁)

72 လမ်းညွှန်မှုများ၊ မူ - ၆ (၂) (ခ)

73 ကြည့်ရန်- လမ်းညွှန်မှုများ၊ မူ - ၇



၂၀၂၁ နိုဝင်ဘာ ၉ ရက်၊ ရှမ်းပြည်နယ်
တောင်ပိုင်း ဖယ်ခုံမြို့နယ်၊ ခေါင်အိရှာ၊
တော်လှန်ရေးတပ်ဖွဲ့များနှင့် မြန်မာ
စစ်တပ်တို့ စစ်ပွဲဖြစ်ပွားရာ ရှေ့တန်း
အနီး ကရင်နီစစ်သားတစ်ဦးမှ
ကွင်းပြင်ကို ဖြတ်လျှောက်နေစဉ်။
©Mauk Kham Wah

# အကြံပြုချက်များ

## မြန်မာ့အာဏာသိမ်းစစ်အုပ်စုအား အကြံပြုခြင်း

- မြန်မာပြည်သူများ၏ အချုပ်ချာအာဏာအပေါ် သဘောထားကို လေးစားပြီး ချက်ချင်း နုတ်ထွက်ကာ ၂၀၂၀ နိုင်ငံတော်ရွေးကောက်ပွဲတွင်ရွေးချယ်ခံခဲ့ရသော အရာရှိများအား နိုင်ငံရေးအာဏာကို ပြန်လွှဲအပ်ရန်
- အရပ်သားပြည်သူလူထုအပေါ်တိုက်ခိုက်မှုကို ရပ်တန့်ရန်၊ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားရေး ဥပဒေ ချိုးဖောက်ခြင်းများအား ရှောင်ရှားရန်၊ အရပ်သား ပြည်သူများအား ကာကွယ်ပေးမှုကို သေချာဆောင်ရွက်ရန်
- နိုင်ငံရေးအကျဉ်းသားအားလုံးအား ချက်ချင်း ဥသုံ လွှတ်ပေးရန်
- ကမ္ဘာ့ကုလသမဂ္ဂ၊ ပြည်တွင်း ပြည်ပ ကူညီကယ်ဆယ်ရေး အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များအား မြန်မာနိုင်ငံရှိ နေရပ်စွန့်ပြည်သူများရှိရာ နေရာအားလုံးသို့ လုံလုံခြုံခြုံ၊ စဉ်ဆက်မပြတ်၊ အနှောင်အဖွဲ့ကင်းကင်းဖြင့် ဆက်သွယ် သွားလာခွင့် ပြုရန်
- မြန်မာနိုင်ငံတွင် ကျူးလွန်ထားသည်ဆိုသော နိုင်ငံတကာရာဇဝတ်မှုများကို နိုင်ငံတကာမှ စုံစမ်းဖော်ထုတ်မှုများ အထူးသဖြင့် မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM)တို့နှင့် အပြည့်အဝ ပူပေါင်း ဆောင်ရွက်ရန် ။ ဆိုးရွားသောနိုင်ငံတကာ ဥပဒေချိုးဖောက်မှုများကို ဖြေရှင်းရန် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်နှင့် UN အချက်အလက်ရှာဖွေရေး မစ်ရှင်တို့အပါအဝင် လွတ်လပ်ပြီး အများယုံကြည်သော အကြံပေးနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန်

## ကုလသမဂ္ဂလုံခြုံရေးကောင်စီအား အကြံပြုခြင်း

- မြန်မာ့စစ်တပ်အား လက်နက်နှင့် နှစ်လမ်းသွားနည်းပညာ (Dual Technology) ရောင်းချ ခြင်းကို တားမြစ်ရန် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့် တစ်ရပ်အား ချမှတ်သည့် ဖြေရှင်းချက်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းရန်
- လုံခြုံရေးကောင်စီထံ အချက်အလက်များတင်ပြဆွေးနွေးရန် မြန်မာနိုင်ငံဆိုင်ရာ UN လူ့အခွင့်အရေး အထူးကိုယ်စားလှယ်ကို အမြန်ဆုံး ဖိတ်ခေါ်ရန်

## အရှေ့တောင်အာရှနိုင်ငံများ အသင်း (ASEAN) နှင့် UN အဖွဲ့ဝင်နိုင်ငံများ အား အကြံပြုခြင်း

- မြန်မာနိုင်ငံ၏ ဒီမိုကရေစီကျကျရွေးချယ်ထားသော ခေါင်းဆောင်ပိုင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ပစ္စည်းနှင့် နိုင်ငံရေးဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရန်
- နိုင်ငံရေးနှင့် စီးပွားရေးအရ ချိတ်ဆက်ဆောင်ရွက်မှုအပါအဝင် မြန်မာ့အာဏာသိမ်းအုပ်စု၏ မည်သည့် နိုင်ငံရေးအရ တရားဝင်မှုမျိုးကို မဆို ငြင်းပယ်ရန်
- မြန်မာနိုင်ငံအား နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းနိုင်ဖို့ UN လုံခြုံရေးကောင်စီ အဖွဲ့ဝင် နိုင်ငံများအား တိုက်တွန်း အားပေးရန်ငှာ စုပေါင်း (သို့) နှစ်နိုင်ငံအားကို အသုံးပြုရန်
- နိုင်ငံအား လက်နက်နှင့် နှစ်လမ်းသွားနည်းပညာ (Dual Technology) ရောင်းချမှုကို တားမြစ်ရေးအတွက် မြန်မာနှင့် မြန်မာစစ်တပ်အပေါ် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်ကို ချမှတ်ပြီး သဘာဝဓာတ်ငွေ့ ရောင်းချခြင်းမှ ရရှိသည့် ငွေကြေးအပါအဝင် မြန်မာစစ်တပ်၏ ငွေကြေးနှင့် ဘဏ္ဍာငွေ ရရှိမှုလမ်းကြောင်းကို တားမြစ်နိုင်ရန် ပစ်မှတ်ထားသည့်စီးပွားရေး ပိတ်ဆို့မှုများကို ချမှတ်ရန်
- မြန်မာနိုင်ငံရှိ အကူအညီလိုအပ်နေသော ပြည်သူများထံ နယ်စပ်ဖြတ်ကျော်၊ အသက်ကယ် လူသားချင်းစာနာသည့် အကူအညီများပေးပို့ခြင်းကို ခွင့်ပြု ထောက်ခံရန်
- မြန်မာနိုင်ငံရှိ အကူအညီလိုအပ်နေသည့် ပြည်သူများထံ နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်နေသော လူသားချင်းစာနာထောက်ထားရေး အဖွဲ့အစည်းများအား ငွေကြေး၊ နည်းပညာနှင့် advocacy အကူအညီများကို ပေးအပ်ရန်

## မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုး (NUG) နှင့် ကရင်နီပြည်နယ်ရှိ သက်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့စည်းများအား အကြံပြုခြင်း

- မြန်မာနိုင်ငံရှိနေရပ်စွန့်ဒုက္ခသည်အားလုံးသည် အစားအသောက်၊ ကျန်းမာရေး၊ အိုးအိမ်၊ ရေနှင့် အိမ်သာများ ရရှိပိုင်ခွင့်အပါအဝင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားရေးနှင့် လူ့အခွင့်အရေးဥပဒေမှ အာမခံထားသည့် အခွင့်အရေးနှင့် ကာကွယ်ပေးမှုများ ရရှိနိုင်ရေး အတွက် သေချာဆောင်ရွက်ရန်
- ကမ္ဘာ့ကုလသမဂ္ဂ၊ ပြည်တွင်း ပြည်ပ ကူညီကယ်ဆယ်ရေး အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များအား မြန်မာနိုင်ငံရှိ နေရပ်စွန့်ပြည်သူများရှိရာ နေရာအားလုံးသို့ လုံလုံခြုံခြုံ၊ စဉ်ဆက်မပြတ်၊ အနှောင်အဖွဲ့ကင်းကင်းဖြင့် ဆက်သွယ်သွားလာခွင့် ပြုရန်
- ကရင်နီပြည်နယ်နှင့် မြန်မာနိုင်ငံရှိ အခြားနေရာများတွင် ကျူးလွန်ထားသည်ဆိုသော နိုင်ငံတကာရာဇဝတ်မှုများအတွက် နိုင်ငံတကာတာဝန်ခံမှုယန္တရားများ၊ စုံစမ်းဖော်ထုတ်မှု လုပ်ငန်းစဉ်များနှင့် အပြည့်အဝ ပူပေါင်းရန်

- UN ၏ အထူးလုပ်ငန်းစဉ်များ အထူးသဖြင့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်နှင့် ချိတ်ဆက် ဆောင်ရွက်ရန်
- နိုင်ငံတကာရာဇဝတ်ခုံရုံး၏ Rome Statute၊ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်နှင့် အခြားနိုင်ငံတကာ ပြဋ္ဌာန်းချက်များပါ တာဝန်ဝတ္တရားများကို ထိန်းသိမ်း၊ လက်ခံရန်

FORTIFY RIGHTS

၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်နေ့ မြန်မာနိုင်ငံရှိ စက်ဆုပ်ဖွယ် အာဏာသိမ်းမှုကြီးဖြစ်ပေါ် ခဲ့ပြီးနောက် မြန်မာအာဏာသိမ်းစစ်အုပ်စုသည် အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများကို အရေးယူခြင်းမခံရဘဲ ကျူးလွန်လျက်ရှိပြီး တိုင်းရင်းသားပြည်နယ်များမှ ပြည်သူများ အပါအဝင် အရပ်သား ပြည်သူများအပေါ်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကို အရှိန်မြင့် ဆောင်ရွက်ခဲ့သည်။

ဤအစီအရင်ခံစာသည် ကရင်နီ(ကယား)ပြည်နယ်ရှိ ဖြစ်ပေါ်ဆဲ စစ်ရာဇဝတ်မှုများ၏ သက်သေ အထောက်အထားများကို တင်ပြထားပါသည်။ ဤအစီအရင်ခံစာသည် မေလ ၂၀၂၁ မှ ဇန်နဝါရီ ၂၀၂၂ အတွင်း မြန်မာစစ်တပ်မှ ပြည်သူများအား သတ်ဖြတ်ပုံ၊ အဓမ္မနေရပ်စွန့်စေပုံ၊ အခြားသော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ချိုးဖောက်မှုများ ကျူးလွန်ခဲ့ပုံကို မှတ်တမ်းတင်ထားပါသည်။ ဤ ချိုးဖောက်မှုများသည် မြန်မာအာဏာသိမ်းစစ်အုပ်စုနှင့် အခြားသော တိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) – (အာဏာသိမ်းမှုဖြစ်ပေါ် ပြီးနောက် မိမိကိုယ်ကိုကာကွယ်ရန်နှင့် စစ်အုပ်ချုပ်ရေးကို အာခံရန်ဖွဲ့စည်းထားသော ရပ်ရွာအသိုင်းအဝိုင်းမှ ဦးစီးသည့် လက်နက်ကိုင်တပ်များဖြစ်သည်)- တို့ကြား လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်၍ ဖြစ်ပေါ်လျက်ရှိသည်။

ဆက်လက်၍ ဤ သက်သေအထောက်အထားများက မြန်မာစစ်တပ်မှ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လာပုံနှင့် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်၊ ပစ်မှတ်ထားစီပွားရေးပိတ်ဆို့မှုနှင့် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုနှင့် အရေးယူ တရားစွဲဆိုမှုဒဏ်များ ခံထိုက်ပုံကိုလည်း ရှင်းလင်းတင်ပြထားပါသည်။

investigate
engage
strengthen

fortifyrights.org

fortify.rights@fortifyrights.org
Twitter: @FortifyRights
Facebook: fortifyrights